# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၅)


# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေး ကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာ ပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉

*စာမျက်နှာ ၃ ကော်လံ ၅ ❍*



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်ကို တွေ့ရစဉ်။

## သတင်းထုတ်ပြန်ချက်

**ရက်စွဲ။ ၂၁- ၂- ၂၀၂၁**

၁။ မဲမသမာမှုများကြောင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့် အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာ၍ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး နိုင်ငံတော်တာဝန်အား ရယူခဲ့ရပါသည်။

၂။ ၎င်းအခြေအနေတွင် NLD ပါတီဝင်များနှင့် NLD ပါတီကို ထောက်ခံသူများအနေဖြင့် ဆန္ဒပြမှုများပြုလုပ်ခဲ့ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား ဖိအားမျိုးစုံပေး၍ CDM လှုပ်ရှားမှု၌ ပါဝင်စေခြင်း၊ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ရည်ရွယ်၍ အများပြည်သူသုံးလမ်းများပေါ်၌ ကားများ ရပ်တန့်ပိတ်ဆို့ခြင်း အပါအဝင် နည်းလမ်းမျိုးစုံဆောင်ရွက်ခဲ့ရာ အချို့နေရာများတွင် ဆန္ဒပြမှုတွင်မပါဝင်သော ပြည်သူလူထုနှင့် ထိပ်တိုက်ပဋိပက္ခဖြစ်ပွားခြင်းများပါ ပေါ်ပေါက်လာခဲ့သည်။ ကျန်းမာရေးဝန်ထမ်းအချို့ CDM တွင်ပါဝင်မှုကြောင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအချို့ ရပ်တန့်ခဲ့ပြီး ဒေသခံပြည်သူလူထုမှ ဆန့်ကျင်ဆန္ဒပြမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသည့်အပြင် ရှန်းရင်းဆန်ခတ်မှု၊

*စာမျက်နှာ ၃ ကော်လံ ၁ ✻*





ဘဏ်သို့လာရောက်ရာတွင်

Mask နှင့် Face Shield များကိုမဖြစ်မနေ

ဝတ်ဆင်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်

# မေတ္တာနှလုံး ကိုယ်စီသုံး

ရဟန်းတို့ စိတ်၏ကိလေသာမှ ထွက်ကြောင်းဖြစ်သော မေတ္တာကို မှီဝဲအပ်သည်ရှိသော်၊ ပွားစေအပ်သည်ရှိသော်၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ စီးသောယာဉ်ကဲ့သို့ ပြုအပ်သည်ရှိသော်၊ တည်ရာကဲ့သို့ ပြုအပ်သည်ရှိသော်၊ မေတ္တာမှ မကွာစေအပ်သည် ရှိသော်၊ လေ့ကျက်အပ်သည် ရှိသော်၊ ကောင်းစွာ အားထုတ်အပ်သည်ရှိသော်၊ တစ်ဆယ့်တစ်ပါးကုန်သော အကျိုးဆက်တို့ကို အလိုရှိအပ်ကုန်၏ဟူ၍ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့ကြောင်း အင်္ဂုတ္တရနိကာယ် ဧကာဒသနိပါတ်တွင် ဖော်ပြထားသည်။

မေတ္တာတရားကို ပွားများရခြင်း၏ အကျိုး ၁၁ ပါးတို့မှာ ချမ်းသာစွာအိပ်စက်ရခြင်း၊ ချမ်းသာစွာနိုးထရခြင်း၊ မကောင်းသောအိပ်မက်ကို မမြင်မက်ရခြင်း၊ လူတို့၏ ချစ်ခြင်းကိုခံယူရခြင်း၊ နတ်ဘီလူးတို့၏ ချစ်ခြင်းကို ခံယူရခြင်း၊ နတ်တို့က စောင့်ရှောက်ခြင်း၊ မီး၊ အဆိပ်၊ ဓားလက်နက်တို့၏ဘေးမသင့်နိုင်ခြင်း၊ စိတ်မပျံ့လွင့်ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ မတွေဝေသည်ဖြစ်၍ စုတိစိတ်ကျရခြင်း၊ တရားအထူးကို ထိုးထွင်းမသိသည်ရှိသော် ဗြဟ္မာ့ပြည်သို့လားရခြင်းတို့ ဖြစ်သည်။ ဒေါသကင်းကွာရာ မေတ္တာတရားကို ပွားများသူတို့ မုချရရှိသောအကျိုးဆက်တို့ပင်ဖြစ်သည်။ မေတ္တာ၏ ဆန့်ကျင်ဘက်တရားမှာ ဒေါသဖြစ်၏။

ဒေါသဟူသည် ပြစ်မှားကြမ်းတမ်းတတ်သော သတ္တိရှိ၏။ လှံတံဖြင့် ခတ်အပ်သော မြွေကဲ့သို့ ကြမ်းတမ်းခြင်းလက္ခဏာရှိ၏။ မိုးကြိုးစက်ကျသကဲ့သို့ စူးဝင်တတ်၏။ တောမီးကဲ့သို့ မှီရာပုဂ္ဂိုလ်ကို ပူလောင်စေခြင်းကိစ္စရှိ၏။ ရအပ်သောအခွင့်ရှိသော ရန်သူကဲ့သို့ ချုပ်ချယ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ အဆိပ်ဖြင့် ရောနှောအပ်သောဆေးကဲ့သို့ ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်း အာဃာတဝတ္ထုလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏ဟု မောင်းထောင်ဆရာတော်ကြီးက ဒေါသကထာတွင် ဖွင့်ဆိုသည်။

ဒေါသ၏ ကြမ်းတမ်းသော အရုပ်ဆိုးသော သတ္တိကြောင့် ဒေါသဥပါဒ်သောသူမှာ ကြမ်းတမ်းလာသည်။ အရုပ်ဆိုးလာသည်။ အတတ်ပညာ အလိမ္မာတို့ ကုန်ခန်းကာ အမှောက်မှောက်အမှားမှား တရားလက်လွတ် ပြောမိပြောရာ ပြောတတ်လာသည်။ စကားတစ်ခွန်းကိုပင် ဆုံးအောင်မပြောနိုင် ဖြစ်လာသည်။ ဒေါသနှင့်ယှဉ်သောစိတ်သည် မှီရာပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုတတ်သောကြောင့် မိမိ၏စိတ်မဟုတ်ဟု ဆိုအပ်သည်။ တစ်ဖန် မီးသည် လေနှင့် အပေါင်းအဖော်ဖြစ်ခဲ့သော် ပြန့်ပွားကြီးမားတတ်သော သဘောနှင့်တူစွာပင် ဒေါသသည် မာနနှင့်ပေါင်းဖက်မိပါက အတိုင်းထက်အလွန်ခက်ထန်ကာ ပြေပျောက်ခြင်းငှာ ခဲယဉ်းစေပြီး အတိုင်းထက်အလွန်လည်း ပျက်စီးစေတော့သည်။ သို့ဖြစ်ရာ မိမိတို့၏ စိတ်သန္တာန်တွင် ဒေါသမမှီမတွယ် မကပ်ငြိစေရန်မှာ ဒေါသ၏အကြောင်းတရားကို သိရှိစွန့်ပယ်နိုင်ရမည် ဖြစ်သည်။

ပုဂ္ဂိုလ်သတ္တဝါတို့အဖို့ သုဘနိမိတ္တ-တင့်တယ်လှပလျောက်ပတ်၏ဟု အမှတ်အထင်လွဲသောအားဖြင့်ဖြစ်သော အာရုံသည် ရာဂကိုဖြစ်စေ၍၊ ပဋိဃနိမိတ္တ-မနှစ်သက်အပ်သောအနိဋ္ဌာရုံက ဒေါသကိုဖြစ်စေသည်။ ထိုမှတစ်ပါး အယောနိသောမနသိကာရ-မသင့်မတင့်နှလုံးသွင်းခြင်းကလည်း ဒေါသကိုဖြစ်စေသည်။ အမျက်ဒေါသဥပါဒ်လာခြင်းသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့စွဲလမ်းခြင်းက အရင်းခံသည်။ ဤသူသည် ငါ့ကိုဆဲရေးသည်၊ ငါ့ကိုထိပါးသည်။ ငါ့ကိုဆဲရေးရာသလော၊ ငါ့ကိုထိပါးရာသလောဟု ဒေါသမီးလျှံက မာနလေနှင့်ပေါင်းဖက်ကာ ဟုန်းဟုန်းတောက်လောင်တော့သည်။ မြင်မြင်သမျှ၊ ကြားကြားသမျှ အာရုံခြောက်ပါးမှာ ထင်ရှားပေါ်သမျှတို့အပေါ် တဏှာ၊ မာနနှင့် ဒိဋ္ဌိတို့ခွာကာ ယောနိသောမနသိကာရ-သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းလျက် ဒေါသအမျက်မီးတို့ ငြိမ်းသတ်နိုင်ပါစေကြောင်း၊ အေးမြချမ်းသာသည့် မေတ္တာခေတ်တို့ လောကခေတ်တစ်ခွင် လွှမ်းပတ်နိုင်ပါစေကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာဆောင်ရွက်လျက်ရှိ

ယခုကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်လည်း ခက်ခဲပင်ပန်းစွာဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး မိမိကိုယ်ကိုယ်ခုခံပိုင်ခွင့်ဖြင့်သာ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆူပူမှုများအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအနေဖြင့် ယခုကဲ့သို့ မိမိတို့၏ တာဝန်ယူထိန်းသိမ်းဆောင်ရွက်မှုအပေါ် ယခင်က ပြစ်တင်ဝေဖန်မှုများရှိခဲ့သော်လည်း ယခုအခါ အနောက်နိုင်ငံများမှအပ အခြားနိုင်ငံများက မိမိတို့၏ဆောင်ရွက်မှုသည် ပြည်တွင်းရေးကိစ္စဖြစ်သဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားနေကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမသမာမှုများအား စိစစ်လျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်သူလူထုသိရှိနိုင်ရေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

✳ ရှေ့ဖုံးမှ

အကြမ်းဖက်ဆူပူမှု (Riot) များ ဖြစ်ပွားနိုင်သည်ဟု ယုံကြည်ယူဆရသော မြို့နယ် ၁၄၆ မြို့နယ်၌ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်းကို ဖေဖော်ဝါရီလ ၈ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ သို့သော် NLD ပါတီဝင်များနှင့် ၎င်းပါတီကို ထောက်ခံသူများအနေဖြင့် ဆန္ဒပြနေမှုများကို အရှိန်မြှင့်တင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်လိုသော အပြုအမူများ ကျူးလွန်ခြင်း၊ ရန်စခြင်းများပြုလုပ်၍ ထိပ်တိုက်ရင်ဆိုင်ရေး လမ်းကြောင်းပေါ်သို့ တွန်းတင်လျက်ရှိသည်။ နေပြည်တော်၊ သပြေကုန်းအဝိုင်းဖြစ်စဉ်၊ မန္တလေးမြို့၊ ၇၆ x ၇၈ လမ်းကြား၊ ၃၈ လမ်းဖြစ်စဉ်၊ ၇၈ x ၇၉ လမ်းကြား၊ ၃၄ လမ်းအနီး ရထားသံလမ်းဖြစ်စဉ်၊ ဂေါဝန်ဆိပ်ကမ်းဖြစ်စဉ်၊ မော်လမြိုင်မြို့၊ ဈေးချိုရပ်ကွက်ဖြစ်စဉ်တို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ရန်စခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းတို့ဖြင့် အကြမ်းဖက်ဆူပူမှု (Riot) သို့ ဦးတည်ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရသည်။

၄။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကဲ့သို့ အကြမ်းဖက်ဆူပူမှုများအား ထိန်းသိမ်းနိုင်ရေး "အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်"ဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကြောင့် ဆူပူဆန္ဒပြမှုအများစုမှာ လူစုကွဲခြင်း၊ ၎င်းတို့၏ ရည်မှန်းချက်မအောင်မြင်ခြင်းများ ဖြစ်ခဲ့သော်လည်း အချို့နေရာများတွင်မူ ရပ်ကွက်၊ မြို့ရွာအတွင်းရှိ ယခင်ရာဇဝတ်မှုများဖြင့် ကျော်စောသတင်းရှိသူများ၊ ပြစ်မှုကျူးလွန်ခဲ့သူများ၊ လူဆိုး၊ လူမိုက်ဂိုဏ်းပုံစံဖွဲ့၍ လုပ်ဆောင်နေသူများကို အသုံးချ၍ ဂျင်ကလိ၊ သံကုံးသီး၊ ဓာတ်ဆီပုလင်း၊ တုတ်၊ ဓား၊ လှံကဲ့သို့သော လူ့အသက်အန္တရာယ်ကို ထိခိုက်စေသည့် လက်နက်များကိုပါ အသုံးချ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်လာစေရေး ရန်ပြုဆောင်ရွက်ခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်မှုကြောင့် ဆန္ဒပြသူများ ထိခိုက်သေဆုံးခြင်း ဖြစ်လာစေရန်နှင့် အကြမ်းဖက် ဆူပူမှု (Riot) မှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob) အသွင်ဖြစ်လာစေရေး ဦးတည်ဆောင်ရွက်လာကြောင်း တွေ့ရှိရပါသည်။

၅။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်လည်း ဆန္ဒပြမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ၎င်းမှတစ်ဆင့်အကြမ်းဖက်ဆူပူမှု (Riot) ဖြစ်ပေါ်လာစေရေး၊ ၎င်းမှသည် မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob) အသွင်ဖြစ်ပေါ်လာစေရေးတို့ကို ဆက်တိုက်လှုံ့ဆော်လျက်ရှိသည်ကို တွေ့ရသည်။ လှုံ့ဆော်သူများအနေဖြင့် နောက်ကွယ်မှနေ၍ ပြည်သူလူထုကို ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းပေါ်သို့ မရောက်ရောက်အောင် တွန်းပို့၍ စိတ်လှုပ်ရှား ခံစားလွယ်သော လူငယ်လူရွယ်များကို ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်လာအောင် လှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်။

၆။ ၎င်းကဲ့သို့ မင်းမဲ့စရိုက်ဆန်ဆန် ဆူပူလှုံ့ဆော်မှုများ၊ ရာဇဝတ်မှုများဖြင့် ကျော်စောသတင်းရှိသူများ၊ လူဆိုးလူမိုက်ဂိုဏ်းပုံစံဖွဲ့၍ ဆောင်ရွက်မှုများ၏ အသုံးချခံများ မဖြစ်စေရေး လူငယ်လူရွယ်များအနေဖြင့် သတိရှိကြပါရန်နှင့် မိဘပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဝန်ထမ်းများအတွက် နှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဖေဖော်ဝါရီလ (၂၂) ရက်နေ့ နံနက် ၉ နာရီခွဲ၌ CDM လှုပ်ရှားမှုတွင် ပါဝင်နေကြသည့် ဝန်ထမ်းများ အပါအဝင် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်လျက်ရှိသော အစိုးရဝန်ထမ်းများအားလုံး မိမိတို့၏ လုပ်ငန်းခွင်များ၌ တာဝန်များကို မပျက်မကွက်ထမ်းဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

❍ ရှေ့ဖုံးမှ

စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်းသုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅နာရီမှ၆နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်း များကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ည အပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မိုး/ဇလ**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးများကို ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း (၄၊ ၅၊ ၆၊ ၇ ) ရက်၊ ၂၀၂၂ ခုနှစ်၊ (မတ်လ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်) အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း (၈)ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်)၊ စနေနေ့တွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးကိုလည်းကောင်း၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်)၊ တနင်္ဂနွေနေ့တွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်၊ တနင်္လာနေ့ အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတို့အား ဖူးမြော်ကြည်ညို



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်စဉ်။ **သတင်းစဉ်**

**မန္တလေး ဖေဖော်ဝါရီ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၄ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်နေမှုကို သွားရောက် ဖူးမြော်ကြည်ညိုခဲ့ပြီး ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

### ကပ်လှူပူဇော်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ကျင်ဂနိုင်ရွာ၊ ဖားအောက်တောရ တပ်ဦး ဓမ္မရိပ်သာကျောင်းသို့ရောက်ရှိပြီး ဖားအောက်တောရဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအာစိဏ္ဏ၏ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားကာလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်သည်။

### ကာကွယ်ထိန်းသိမ်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)သို့ရောက်ရှိရာအစည်းအဝေးခန်းမတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံ၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) အနေဖြင့် ချမှတ်ထားသော မူဝါဒနှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖော်ထုတ်မြှင့်တင်နိုင်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို တိုင်းရင်းသားရိုးရာအကနှင့် တိုင်းရင်းသားရိုးရာဂီတ ဘာသာရပ်များကို ထည့်သွင်း သင်ကြားနိုင်ရေးဆောင်ရွက်သွားရန်၊ သင်ကြားရာတွင် သင်ရိုးညွှန်းတမ်းများကို စနစ်တကျရေးဆွဲ၍ သင်ကြားနိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

### အမြန်ဆုံး ဝင်ရောက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး သာသနာရေး ဦးစီးမှူးရုံး၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရား တစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံ့ဝန်ထမ်းအချို့သည် မသမာသူအချို့၏ သွေးထိုး လှုံ့ဆော်မှုများကြောင့် မိမိတို့၏ လုပ်ငန်းခွင်တာဝန်များတွင် ပျက်ကွက်နေကြပါကြောင်း၊ လုပ်ငန်းခွင်နှင့် ကင်းကွာနေသည့် နိုင်ငံ့ဝန်ထမ်းများ မိမိတို့၏ လုပ်ငန်းခွင်များသို့ အမြန်ဆုံး ဝင်ရောက်လာကြရန် တာဝန်ရှိသူများက ဆက်လက်အသိပေးသွားကြရန် မှာကြားသည်။

### တစ်စိတ်တစ်ဝမ်းတည်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ လေးကျွန်းမာန်အောင် သာမဏေကျော် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တဝိသုတ အရှင်သူမြတ်ထံ ထာဝရပစ္စည်းလေးပါး ဆွမ်းပဒေသာပင်ငွေကျပ်သိန်း ၅၀ စိုက်ထူ ရေစက်သွန်းလောင်း လှူဒါန်းသည်။ ပြည်ထောင်စုဝန်ကြီးက ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာတော်မြတ်ကြီးကို တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဗုဒ္ဓသာသနာတော်ကို ညှိုးနွမ်းမှေးမှိန်အောင် ဖျက်ဆီးလိုသူများ၏ ရန်မှလည်း ကာကွယ်ရန်အတွက် ဆရာတော်သံဃာတော်များနှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိသည်ကို လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ မင်းတပ်မြို့နှင့် ဟားခါးမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ရမ်ကလောင်းတို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လားရှိုးမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ နမ့်စန်မြို့တွင် ၀ ဒသမ ၄၃ လက်မ၊ ကွမ်းလုံမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ဖလမ်းမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြိုင်ကြီးငူနန်းဦးဘေးမဲ့တောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိကအား မြိုင်ကြီးငူဥယျာဉ်ခြံကျောင်း၌ သွားရောက်ဖူးမြော်ကြည်ညို၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆန်၊ ဆီ၊ ဆေး အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ မြိုင်ကြီးငူဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ နေရပ်စွန့်ခွာများ နေရာချထားပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လျှောက်ထားမေးမြန်းကာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်စစ်ဆေးရာ ကျောင်းအုပ်ကြီး ဒေါ်ညိုသင်းက ကျောင်းဆောင်များ၏ အခြေအနေ၊ ဝန်ထမ်းအင်အား၊ ပရိဘောဂလိုအပ်မှု အစရှိသည်တို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းပေးသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျုံထော် သဘာဝအပန်းဖြေ ရေတံခွန်စခန်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေး သွားရောက်စစ်ဆေးခဲ့ပြီး အများပြည်သူအေးချမ်းစွာအနားယူ အပန်းဖြေ နိုင်ရေး၊ ဈေးဆိုင်ခန်းများကို စနစ်တကျနေရာချထားပေးနိုင်ရေး၊ သန့်ရှင်းလတ်ဆတ်သည့် ဒေသထွက်ကုန်နှင့် အစားအစာများ ရောင်းချနိုင်ရေးတို့ကို တာဝန်ရှိသူများထံ လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ စစ်ဗျူဟာအဖွဲ့ (လှိုင်းဘွဲ့) မှ ပြင်ပလူနာကုသမှုဌာနအဖြစ် ဖွင့်လှစ်ထားသော လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမသို့ ရောက်ရှိပြီး လှိုင်းဘွဲ့မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ဆေးကုသမှုခံယူနေသော မိဘပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ပြင်ပလူနာ ကုသမှုဌာနအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး စစ်ဗျူဟာအဖွဲ့ (အခြေချ) လှိုင်းဘွဲ့ ပြင်ပလူနာကုသမှုဌာနအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခန့်အပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၂ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဦးဇော်လင်းထွန်း ဥက္ကဋ္ဌ
(ခ) နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် အဖွဲ့ဝင်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်သူသို့ အသိပေးချက်

ရက်စွဲ - ၂၁-၂-၂၀၂၁

ဖေဖော်ဝါရီလ ၂၂ ရက်သည် ပင်စင်လစာစား ၉ သိန်းကျော် ပင်စင်စတင်ထုတ်ယူရမည့်ရက်ဖြစ်ပြီး အဆိုပါ ပင်စင်စားများသည် ပင်စင်လစာ တစ်ခုတည်းကိုသာ မှီခိုအားထားပြုနေကြသူများ ဖြစ်ပါသည်။ ပင်စင်စားဝန်ထမ်းများ လစာထုတ်ယူရန်အတွက် နေအိမ်ပြင်ပ မထွက်ခွာနိုင်ရန်၊ ဘဏ်သို့သွားမည့်လမ်းကြောင်းတွင်လည်း မသွားနိုင်စေရန်၊ ဘဏ်၌လည်း ငွေထုတ်ယူခြင်းမပြုနိုင်ရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ခြင်း၊ တားဆီးပိတ်ဆို့ခြင်း၊ အဓမ္မဖိအားပေးခြင်းလုပ်ဆောင်မည်ဖြစ်ကြောင်း လူမှုကွန်ရက်များတွင် ဖော်ပြနေကြောင်း တွေ့ရှိရပါသည်။ ၄င်းအပြင် ဖိအားပေးခြိမ်းခြောက်၍ အဓမ္မ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆောင်ရွက်ခံရမှုကြောင့် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူအများစုကလည်း ယခုကဲ့သို့ အဓမ္မလုပ်ရပ်များကို ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ပေးနိုင်ရေး အသိပေးစာများကိုလည်း အကြိမ်ကြိမ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ပေးပို့တိုင်တန်းလျက်ရှိပါသည်။ ဒီမိုကရေစီယဉ်ကျေးမှုအရ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အများပြည်သူအေးချမ်းစွာစားသောက်နေထိုင်ရေးနှင့် တည်ငြိမ်မှုကိုထိခိုက်ပျက်စီးစေရန်အလို့ငှာ ယခုကဲ့သို့ ဥပဒေမဲ့ခြိမ်းခြောက်အကျပ်ကိုင်၊ အဓမ္မအကြမ်းဖက်မှုများသည် အကြမ်းဖက်ဆူပူမှု (Riot) အသွင် ဦးတည်လာခြင်းဖြစ်၍ ဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ဆန်၊ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာမှုများ ကန့်သတ်ချက်များကြောင့် စားရေး အခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ပုသိမ်ခရိုင်ရှိ မီးသတ်တပ်ဖွဲ့ဝင်များအား ပုသိမ်မြို့ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဘားအံမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဇော်မင်းအောင်နှင့် အဖွဲ့ဝင်များက လည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ **(အပေါ်ယာပုံ)** လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ

မောင်မောင်ဟိန်း

ကိုယ်ကျင့်တရားဆိုသည်မှာ လူတစ်ယောက် နေ့စဉ်ပြုကျင့်သည့် အပြုအမူ၊ အပြော အဆို၊ အကျင့်စရိုက်၊ စာရိတ္တ၊ အလေ့အထ စသည့် သက်ဆိုင်ရာ ကျင့်ဝတ်သီလများပင် ဖြစ်သည်။

လူ့လောကတွင် သက်ဆိုင်ရာနယ်ပယ်အလိုက် လိုက်နာပြုမူစောင့်ထိန်း အပ်သော ကျင့်ဝတ်များ ရှိပါသည်။ မိဘကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့် ကျင့်ဝတ်၊ မိတ်ဆွေ ကျင့်ဝတ်၊ လူ့ကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်၊ ဒါယကာ ကျင့်ဝတ်၊ မင်းကျင့်တရားခေါ် မင်းကျင့်ဝတ်၊ နာယက ကျင့်ဝတ်၊ အလုပ်ရှင် ကျင့်ဝတ်၊ အလုပ်သမားကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ မယားဝတ္တရားငါးပါး ခေါ် မယားကျင့်ဝတ် စသည်ဖြင့်

**“ကိုယ်ကျင့်တရားသည် လူသားတိုင်းတွင် မရှိမဖြစ်လိုအပ်သော ဂုဏ်တစ်ရပ်ပင် ဖြစ်သည်။ ဝါဒများစွာရှိသည့်အနက် ကိုယ်ကျင့်သီလ ကောင်းမွန်ခြင်းသည် အကောင်းဆုံး ဝါဒပင် ဖြစ်သည်။ လူသားတိုင်း မိမိနှင့်ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်များကို ရိုးသားဖြောင့်မတ်စွာ လိုက်နာကျင့်ကြံအပ်ပေသည်။ တစ်နည်းဆိုရသော် ကိုယ်ကျင့်တရားကောင်းသူများသည် ရိုးသားဖြောင့်မတ်သူများဖြစ်ပြီး သက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်သူသည် ကိုယ်ကျင့်တရား ကောင်းမွန်သူများပင်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်သူ တစ်နည်းအားဖြင့် သက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းသူများဖြစ်သော မိမိအကျိုးနှင့် အများအကျိုးကို ဖော်ဆောင်နိုင်ကြမည် ဖြစ်သည်”**

ကျင့်ဝတ်များစွာ ရှိပါသည်။

ထိုနည်းတူ ပညာရပ်နယ်ပယ်အလိုက် ကျင့်ဝတ်များ၊ အဖွဲ့အစည်းဆိုင်ရာ ကျင့်ဝတ်များ၊ လုပ်ငန်းနယ်ပယ်အလိုက် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်များစွာလည်းရှိသည်။ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျင့်ဝတ်များ လိုက်နာကြသည့် လူ့ပတ်ဝန်းကျင်တိုင်းသည် သာယာဝပြောပြီး အေးချမ်းတည်ငြိမ်ကာ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာရှိကြမည် ဖြစ်ပါသည်။

**ကိုယ်ကျင့်တရားသည် လူသားတိုင်းတွင် မရှိမဖြစ်လိုအပ်သော ဂုဏ် တစ်ရပ်ပင် ဖြစ်သည်။ ဝါဒများစွာရှိသည့်အနက် ကိုယ်ကျင့်သီလ ကောင်းမွန် ခြင်းသည် အကောင်းဆုံးဝါဒပင် ဖြစ်သည်။ လူသားတိုင်း မိမိနှင့်ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်များကို ရိုးသားဖြောင့်မတ်စွာ လိုက်နာကျင့်ကြံအပ်ပေသည်။ တစ်နည်းဆိုရသော် ကိုယ်ကျင့်တရား ကောင်းသူများသည် ရိုးသားဖြောင့်မတ်သူများဖြစ်ပြီး သက်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်သူသည် ကိုယ်ကျင့်တရား ကောင်းမွန်သူများပင်ဖြစ်သည်။ ကိုယ်ကျင့်တရား ကောင်းမွန်သူ တစ်နည်းအားဖြင့် သက်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာ စောင့်ထိန်းသူများဖြင့်သာ မိမိအကျိုးနှင့် အများအကျိုးကို ဖော်ဆောင်နိုင်ကြမည် ဖြစ်သည်။**

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွင် ပညာရှင်ဝန်ထမ်းများ၊ ကျွမ်းကျင် ဝန်ထမ်းများ၊ စာရေးဝန်ထမ်းများ၊ စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး)၊ စီမံခန့်ခွဲရေး ဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး) ဆိုသည့် ဝန်ထမ်းအမျိုးအစားများ ပါဝင်ဖွဲ့စည်းထားပြီး ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်အပေါ် မူတည်၍ လိုအပ်သည့် ဝန်ထမ်းအမျိုးအစားများ ထည့်သွင်းကာ ဖွဲ့စည်းထားရှိကြပြီး နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်။ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်များကို ဝန်ထမ်းအားလုံး လိုက်နာဆောင်ရွက်ကြရသည်။ ထို့အပြင် ဝန်ထမ်းတစ်ဦးချင်းစီအနေဖြင့်လည်း မိမိတို့၏ ပညာရပ်ဆိုင်ရာ သက်ဆိုင်သော ကျင့်ဝတ်များကိုလည်း လိုက်နာကြရမည် ဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းသည့် အဖွဲ့အစည်းများသည်သာ ပြည်သူများ အားကိုးအားထားပြုနိုင်သော အဖွဲ့အစည်းဖြစ်မှာ အသေအချာပင် ဖြစ်သည်။ ဝန်ထမ်းတစ်ဦးချင်း ကိုယ်စီလိုက်နာကြမှသာ အဖွဲ့အစည်းကောင်းတစ်ရပ်အဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ နိုင်ငံတော် ယန္တရားလည်ပတ်နိုင်ရေး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတိုင်းသည် ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက်ရန် လိုလားသည့် ဝန်ထမ်းတိုင်းသည် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရပေမည်။**

ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများတွင် တာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရမည့်အပြင် ဆိုင်ရာပညာရပ်များ၏ ကျင့်ဝတ်များကိုလည်း လိုက်နာကြရမည် ဖြစ်သည်။ သက်ဆိုင်ရာ ပညာရပ်အလိုက်အဓိဋ္ဌာန်ပြုထားရှိပြီးဖြစ်သည့် ကတိသစ္စာများကိုလည်း စောင့်ထိန်းကြရမည် ဖြစ်ပါသည်။ ယဉ်ကျေးသော လူ့အသိုင်းအဝိုင်းက ကျင့်ဝတ်နှင့် ကတိသစ္စာ မတည်သူများကို ကိုယ်ကျင့်တရား ဖောက်ဖျက်သူများအဖြစ် သတ်မှတ်ခြင်းခံကြရမည် ဖြစ်သည်။

ချမ်းသာကြွယ်ဝခြင်း ဆုံးရှုံးသည့်အခါ ဘာမှဆုံးရှုံးမှု မရှိသေးကြောင်း၊ ကျန်းမာရေး ဆုံးရှုံးသည့်အခါ တစ်စုံတစ်ခုဆုံးရှုံးကြောင်း၊ ကိုယ်ကျင့်တရား ဆုံးရှုံးပျက်စီးသည့်အခါ ဘဝတစ်ခုလုံး ဆုံးရှုံးခြင်းမည်ကြောင်း နာယူမှတ်သားခဲ့ဖူးသည်။ ဒါန၊ သီလ၊ ဘာဝနာ သုံးပါးတွင် သီလသည် ကုသိုလ်တရားအားလုံးတို့၏ အစဖြစ်၍ သီလကိုရှေးဦးစွာ လုံခြုံစေပြီးမှသာ ကျန်ကုသိုလ်များကို ပြုရသည့်အတွက် ကုသိုလ်အားလုံးတွင် “ကိုယ်ကျင့်တရား (သီလ)သည်သာ ပဓာန” ဖြစ်သည်ကို သိရှိပြီး ဖြစ်ကြပါသည်။

**နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများသည် လိုက်နာရန်လိုအပ်သည့် ကျင့်ဝတ်များ အားကောင်းခိုင်မာစေရေးအတွက် စည်းမျဉ်းများ၊ စည်းကမ်းများ၊ ဥပဒေများချမှတ်ပြီး ထိန်းကျောင်းတည့်မတ်ထား ကြပါသည်။ နိုင်ငံသားတိုင်းသည် တည်ဆဲဥပဒေများကို လေးစား လိုက်နာရန် တာဝန်ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများသည်လည်း တည်ဆဲဥပဒေများအပြင် သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များကို လိုက်နာကြရပါသည်။ ဥပဒေပ ဆောင်ရွက်ခြင်းမပြုကြခြင်းသည် တစ်နည်းအားဖြင့် ကျင့်ဝတ်များနှင့်လျော်ညီစွာ နေထိုင်ပြုမူခြင်းဟု ဆိုနိုင်ပါသည်။**

အများဆန္ဒကို အသိအမှတ်ပြုပြီး အနည်းစုဆန္ဒကို လေးစားသမှုပြုကာ မတူတာတွေကို ပေါင်းစု၍ ညှိနှိုင်းအဖြေရှာကြခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရ ဖြစ်သည်။ လွတ်လပ်စွာ သဘောထားကွဲပိုင်ခွင့် ရှိရပါမည်။ **“လူညီ၍ ဉာဏ်ကို ကွဲ”** ဖြစ်စေခြင်းသည် ဒီမိုကရေစီစနစ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေသည်။ သဘောထား မတိုက်ဆိုင်သူများကို သဘောထားကြီးစွာထားပြီး လွတ်လပ်စွာ သဘောထားကွဲခွင့် မပြုဘဲ ရန်မူနေသူများ ရှိနေသရွေ့ စစ်မှန်သော ဒီမိုကရေစီ ရရှိနိုင်မည် မဟုတ်ပေ။ နိုင်ငံသားအားလုံးသည် ဒီမိုကရေစီစံနှုန်းနှင့် ကျင့်ဝတ်များကို တန်ဖိုးထားလိုက်နာကြရမည်။

နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းရမည့် ကျင့်ဝတ်အချို့ကို ဖော်ပြရလျှင် နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊ ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရမည်။ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်၊ အထက်အဆင့် အကြီးအကဲက တာဝန်အရ ပေးအပ်သည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည့်အပြင် လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်။ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်း စောင့်ရှောက်ရမည်၊ နိုင်ငံတော်ကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်း ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်ရ။ နိုင်ငံတော်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမှ ရှောင်ကြဉ်ရမည်ဟု စသည်ဖြင့် သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရမည့်သူများဖြစ်သည့်အားလျော်စွာ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ ထမ်းဆောင် ရမည့် တာဝန်များ၊ လိုက်နာရမည့် စည်းကမ်းများကို လေးစားလိုက်နာ၍ ဂုဏ်သိက္ခာရှိစွာ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရပါမည်။ ကျင့်ဝတ်လိုက်နာ ဂုဏ်သိက္ခာရှိကြသည့် နိုင်ငံ့ဝန်ထမ်းများသည်သာ ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်နိုင်မည် ဖြစ်ပေသည်။ ။

**“နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများသည် လိုက်နာရန်လိုအပ်သည့် ကျင့်ဝတ်များ အားကောင်း ခိုင်မာစေရေးအတွက် စည်းမျဉ်းများ၊ စည်းကမ်းများ၊ ဥပဒေများ ချမှတ်ပြီး ထိန်းကျောင်းတည့်မတ်ထား ကြပါသည်။ နိုင်ငံသားတိုင်းသည် တည်ဆဲ ဥပဒေများကို လေးစားလိုက်နာရန် တာဝန် ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများသည်လည်း တည်ဆဲဥပဒေများအပြင် သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြရပါသည်။ ဥပဒေပ ဆောင် ရွက်ခြင်း မပြုကြခြင်းသည် တစ်နည်း အားဖြင့် ကျင့်ဝတ်များနှင့်လျော်ညီစွာ နေထိုင်ပြုမူခြင်းဟု ဆိုနိုင်ပါသည်”**

# မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးအား ပြန်လည်ဖူးမြော်ခွင့်ပြုထား

**ရန်ကုန်  ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးအား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ထားပြီဖြစ်၍ ပြည်သူများ လာရောက်ဖူးမြော်နိုင်ပြီ ဖြစ်ကြောင်း အသိပေးနှိုးဆော်စာကို ဘုရားကြီး၏မုခ်ဦးအဝင်တွင် အသိပေးထားသည်။

**အကြိမ် ၁၀၀ ကျော် ကျင်းပပြီး**

မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးသည် ဒလမြို့နယ် ညောင်ကုန်းရပ်ကွက်တွင် တည်ထားကိုးကွယ်ထားခြင်း ဖြစ်ပြီး ဒလမြို့နယ်အတွင်းရှိ သမိုင်းဝင်စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး ထုထည်ကြီးမားသော ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးလည်း ဖြစ်သည်။ ထို့အပြင် ဒလမြို့နယ်လုံးဆိုင်ရာ ကျက်သရေဆောင်ဘုရားတစ်ဆူလည်းဖြစ်ကာ ဗုဒ္ဓပူဇနိယပွဲတော်အား အကြိမ် ၁၀၀ ကျော် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဖြစ်ကြောင်းလည်း သိရသည်။

**ထုထည်ကြီးမားသော ဗုဒ္ဓရုပ်ပွားတော်**

ဒလမြို့၏ ကျက်သရေဆောင် မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးအား ဒလမြို့နယ်နေ ပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ထားပူဇော်ခဲ့ကြခြင်းဖြစ်ပြီး ၁၂၈၇ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်တွင် ပန္နက်တော်တင် မင်္ဂလာပြုလုပ်ကာ စတင်တည်ထားခဲ့ရာ ၁၂၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ ဘုရားကြီး၏ ဉာဏ်တော်မှာ ပေ ၃၀၊ ၆ လက်မရှိပြီး ဒလမြို့နယ်အတွင်းရှိ ထုထည်ကြီးမားသော ဗုဒ္ဓရုပ်ပွားတော်များတွင် တစ်ဆူအပါအဝင်လည်း ဖြစ်သည်။ **မောင်ယဉ်ဦး(ဒလ)**



# သံတွဲခရိုင် ပြည်သူ့ဆေးရုံအထောက်အကူပြုကော်မတီနှင့် မြို့မိမြို့ဖများ၊ အရပ်ဘက် ပရဟိတအဖွဲ့အစည်းများ အစည်းအဝေးကျင်းပ

သံတွဲ  ဖေဖော်ဝါရီ ၂၁



**သံတွဲခရိုင် ပြည်သူ့ဆေးရုံအထောက်အကူပြုကော်မတီနှင့် မြို့မိမြို့ဖများ၊ အရပ်ဘက် ပရဟိတအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ မြို့နယ်အဆင့် ဆေးရုံအထောက်အကူပြုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်က လက်ရှိကာလတွင် သံတွဲခရိုင် ပြည်သူ့ဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့် အခြေအနေများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ ဖြည့်ဆည်းထားနိုင်မှု အခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး ဆေးဝါး ရောက်ရှိမှု အခြေအနေများ၊ ပြင်ပတွင် ပျံ့နှံ့လျက်ရှိသော ကောလာဟလသတင်းများနှင့် ပတ်သက်၍ ပြည်သူ့ဆေးရုံမှ ဝန်ဆောင်မှုပေးလျက်ရှိသော လက်ရှိ မြေပြင်အမှန်သတင်းများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများကသိရှိလိုသည်များကို မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သံတွဲခရိုင် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းဝင်းက ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာသော လူနာများအား ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ပြင်ပလူနာဌာနတွင်လည်း လူနာများအား ပုံမှန်ကြည့်ရှု ကုသပေးလျက်ရှိသည့်အခြေအနေများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖ ဦးလှဟန်က သံတွဲခရိုင် ပြည်သူ့ဆေးရုံတွင် လက်ရှိကာလအတွင်း ပုံမှန် ဆေးကုသမှု ရှိ မရှိနှင့် ဆေးရုံရှိ ဆေးဝါးများအား တပ်မတော်မှ ယူဆောင်သွားသဖြင့် ဆေးရုံတွင် ဆေးဝါးများမရှိတော့ကြောင်း သတင်းများပျံ့နှံ့နေသည်မှာ အမှန်တကယ် ဟုတ် မဟုတ် မေးမြန်းဆွေးနွေးရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းဝင်းက တပ်မတော်မှ ဆေးဝါးပစ္စည်း တစ်စုံတစ်ရာမျှ လာရောက်ယူဆောင်ခြင်း မရှိပါကြောင်း၊ ဆေးဝါးများအပြည့်အစုံရှိပါကြောင်းနှင့် ဆေးကုသမှုများ ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဗိုလ်မှူးကျော်စိုးသူက တပ်မတော်အနေဖြင့် တပ်တွင်းမိသားစုများအား တပ်မတော်ဆေးမှူးများဖြင့် ဆေးကုသပေးနေမှု အခြေအနေများ၊ ဆေးရုံတက်ရောက်ကုမည့်ကိစ္စများဖြစ်ပါက သံတွဲခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိပြီး သံတွဲခရိုင် ပြည်သူ့ဆေးရုံမှ မည်သည့်ဆေးဝါး တစ်စုံတစ်ရာမျှ ယူဆောင်ခြင်း၊ ထုတ်ယူခြင်းမရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဆေးရုံအထောက်အကူပြုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်နှင့်အဖွဲ့ဝင်များ၊ အစည်းအဝေးတက်ရောက်လာကြသူများက ပြင်ပလူနာဌာနတွင် ဆေးကုသမှုခံယူနေသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး ခရိုင် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းဝင်းက ဆေးဝါးပစ္စည်း သိုလှောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန် /ဆက်)**





သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။


## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာ ထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ်(၂၁)ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ်(၂၁)ရက် နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ ဒီမိုကရေစီ ...

မင်းပြည့်စုံ

**သူ့ခံယူချက်နဲ့သူ အမျိုးသမီးတစ်ယောက် ရုံးလာတက်တာကို အများသူငှာ မြင်ကွင်းရှေ့မှာ အရှက်တကွဲ အကျိုးနည်းအောင်ပြုမူခြင်းက ဒီမိုကရေစီနည်းလမ်းကျပါရဲ့လား။ လူမှုရေးရှုထောင့်အရရော မှန်ကန်မျှတပါရဲ့လား။ ကျွန်တော်ကတော့ ဒီရက်ပိုင်းမှာ အတော်လေး Brain Storming ဦးနှောက်မုန်တိုင်းဆင်မိတယ်။ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံး လိုလားတဲ့ ဒီမိုကရေစီဆိုတာကို အပြန်ပြန်အလှန်လှန် ဆန်းစစ်နေမိပါတယ်။**

ဒီရက်ပိုင်းမှာ လက်ရှိအခြေအနေအပေါ် လက်သင့်မခံ၊ ကောင်းကျိုးဆောင်ရွက်နေတာတွေကို လျစ်လျူရှုပြီး ကန့်ကွက်ဆန့်ကျင်ပါတယ်ဆိုတဲ့ ဆန္ဒတွေကို ပုံစံအမျိုးမျိုးနဲ့ ထုတ်ဖော်နေကြပါတယ်။ အဲဒီအထဲမှာ ရုံးမတက်နဲ့ ရုန်းထွက်ဆိုတဲ့ ကြွေးကြော်သံတွေနဲ့အတူ ဝန်ထမ်းအချို့ အလုပ်မဆင်းကြတာရှိပါတယ်။ အချို့ဝန်ထမ်းတွေက နိုင်ငံ့ဝန်ထမ်းလစာ၊ ခံစားခွင့်တွေထက် ပိုမိုမြင့်မားတဲ့ အလုပ်အကိုင်တွေ ရနိုင်ကြတယ်၊ အချို့က မိဘလက်ငုတ်လက်ရင်း အလုပ်အကိုင်ရှိတယ်၊ မူလကတည်းက ငွေကြေးအတွက်၊ မိသားစုအတွက် ကြောင့်ကြကင်းကြသူတွေမို့ အလုပ်မဆင်းဘဲနေနိုင်ကြတာ ဖြစ်ကောင်းဖြစ်မယ်ဆိုပြီး တွေးမိခဲ့ပါတယ်။

သို့သော် မိသားစုဝင်ငွေကို အလုပ်က ရလာတဲ့ လစာတွေနဲ့ တစ်လပြီးတစ်လ ဖြေရှင်းရုန်းကန်နေကြရသူတွေ၊ ဝန်ထမ်းတွေကို မှီခိုနေကြရတဲ့ သက်ကြီးမိဘဆွေမျိုးနဲ့ လူမမည်ကလေးတွေရှိတဲ့ မိသားစုဝင်တွေအတွက် ဒါမှမဟုတ် နိုင်ငံရေးခံယူချက် မတူညီတဲ့အတွက် ဒါမှမဟုတ် ဝန်ထမ်းကျင့်ဝတ်နဲ့အညီ ကိုယ့်အလုပ်ကိုယ်လုပ်တာလို့ ခံယူတဲ့အတွက် ရုံးတက်နေကြရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေက အများကြီးရှိပါတယ်။ အဲဒီလို မဖြစ်မနေ အကြောင်းအမျိုးမျိုးနဲ့ ရုံးတက်နေကြသူတွေကို အတင်းအကျပ် အလုပ်မဆင်းခိုင်းတာတွေ၊ အလုပ်မဆင်းနိုင်အောင် ပိတ်ပင်တားဆီးနေကြတာတွေကိုတော့ လုံးဝလက်သင့်မခံနိုင်တဲ့ကိစ္စ၊ လူ့အခွင့်အရေးကို ချိုးဖောက်တဲ့ကိစ္စရပ်လို့ ထင်မြင်မိပါတယ်။

**“ဒီမိုကရေစီဆိုတာ ကိုယ်မကြိုက်တာကို မကြိုက်ကြောင်းပြောဆိုနိုင်တယ်၊ ဆန္ဒဖော်ထုတ်နိုင်ပါတယ်။ သို့သော် ပျက်စီးရာပျက်စီးကြောင်း၊ နိုင်ငံ့အကျိုးစီးပွားကို ထိခိုက်ရာထိခိုက်ကြောင်း လုပ်ဆောင်နေခြင်းကိုတော့ ဒီမိုကရေစီလို့ မသတ်မှတ်နိုင်ပါဘူး။ ဝန်ထမ်းတစ်ဦးဟာ ဒီအစိုးရကိုမကြိုက်လို့ အလုပ်မလုပ်ဘူး၊ နောက်အစိုးရကိုလည်း ကြိုက်မှသာ အလုပ်လုပ်မယ်ဆိုပြီး CDM ကိုသာ လုပ်နေကြမယ်ဆိုရင် နိုင်ငံအကျိုးသယ်ပိုးတဲ့ ဝန်ထမ်းကောင်းဖြစ်နိုင်ပါဦးမလား။ အခုတော့ CDM လုပ်မယ်။ နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော် မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လိုယူဆမယ်လို့ ထင်ပါသလဲ။ တက်လာတဲ့အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေကတစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ် နဲ့ သူ့ရဲ့ ချည်ငင်လို့ တိုးတက်ရာတိုးတက်ကြောင်း မရှိဘဲ ဝန်ထမ်းတွေခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည်ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ။ အဲဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်းတွေအတွက် သက်ဆိုင်ရာဥပဒေတွေ၊ ကျင့်ဝတ်၊ စည်းကမ်းတွေကို နိုင်ငံတိုင်းမှာ အတည်ပြုထားရတာ ဖြစ်ပါတယ်”**

အထက်က ကိစ္စတစ်ရပ်မှာ ဖြစ်စဉ်အမှန်က ကုမ္ပဏီဝန်ထမ်းအမျိုးသမီးလေးတစ်ဦး ဘတ်စ်ကားစီးပြီး ရုံးကိုသွားတဲ့ကိစ္စ၊ လမ်းပိတ်လည်း အလုပ်သွားရမယ်ဆိုပြီး ဖုန်းပြောနေသံကိုကြားတဲ့အခါ ဝိုင်းဝန်းဆဲဆိုကြ၊ ခွတ်ပုံတွေရိုက်ကြ လုပ်ကြပါတယ်။ လူအုပ်စုနဲ့ အနိုင်ကျင့်ခံရတဲ့ အမျိုးသမီးဟာ သူ့ကိုခွတ်ပုံလာရိုက်တဲ့သူရဲ့ ဖုန်းကိုရိုက်ချတယ်။ ခြေထောက်နဲ့ကန်တဲ့သူကို ဖုန်းနဲ့ထပ်ရိုက်တယ်။ ရန်ရှာသူတွေထဲက တစ်ယောက်ကို သူဆွဲပြီး လုံးပစ်လိုက်တယ်။ နောက်ဆုံး ကိုယ်ထိလက်ရောက်ဖြစ်ကြရတဲ့အချိန် သူ့မှာပါလာတဲ့ ခဲတံချွန်ခါးကိုထုတ်ပြီး တုံ့ပြန်တယ်။ သူ့ဖုန်းက ကားပေါ်ပါသွားလို့ အငှားကားနဲ့ရအောင်လိုက်တယ်။ ဖုန်းကိုသိမ်းထားတယ်ဆိုပြီး လှောင်ပြောင်သူတွေ၊ ကားတံခါးမဖွင့်ပေးတဲ့သူတွေကို မကြောက်နိုင်ဘဲ ကားရှေ့မှာ ပိတ်ရပ်နေခဲ့တယ်။ ခရီးသည်တစ်ယောက်က မနေနိုင်တဲ့အတွက် သူ့ဖုန်းကိုယူပြီး ပေးလိုက်တယ်။

ခံစားချက်နဲ့ဖွဲ့စည်းထားတဲ့ လူတစ်ဦးချင်းဆီမှာ ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်အတွေးအခေါ်နဲ့ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီးသားပါ။ လူမှုကွန်ရက်မှာ သူ့ဗီဒီယိုပျံ့နှံ့လာပြီး ဖိအားပေးတဲ့အချက်တွေကြောင့် တာဝန်ထမ်းဆောင်ဖို့သွားနေတဲ့ အမျိုးသမီးဟာ အလုပ်ကနေ ရပ်စဲခံလိုက်ရတယ်။ ဒီလောက်နဲ့မပြီးသေးဘူး၊ သူ့ရဲ့ ညစ်ညမ်းဗီဒီယိုဆိုပြီး မဟုတ်တဲ့ဗီဒီယိုတွေ ပျံ့နှံ့လာတယ်။ လူအုပ်စုတွေရဲ့ အမုန်းပွားမှုတွေ ခံရတယ်။

**“ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလုပ်အပေါ်တာဝန်ကျေပွန်တဲ့ ဓမ္မနဲ့ ကိုယ်နဲ့မတူ ကိုယ့်ရန်သူသဘောပိုက်ပြီး အုပ်စုဖွဲ့အနိုင်ကျင့်တဲ့ အဓမ္မ တို့ ထိပ်တိုက်တွေ့တဲ့ဖြစ်စဉ်ကို နားလည်ပြီး အားပေးကူညီသူတွေလည်းရှိပါတယ်။ အမျိုးသမီးလေး အလုပ်အသစ်ရှာချိန်မှာ အခက်အခဲမရှိစေဖို့ တပ်မတော်ကို ချစ်ခင်လေးစားသူတွေနဲ့ မတရားမှုကို သတ္တိရှိရှိနဲ့တွန်းလှန်တဲ့အတွက် ဂုဏ်ပြုလိုသူတွေက ထောက်ပံ့ငွေတွေ ချီးမြှင့်ကြတယ်။ အမှန်တရားအတွက်၊ ကိုယ့်ရပ်တည်မှုအတွက် သူ့လိုမျိုး ပြန်လည်မချေပရဲသူတွေ၊ မတုံ့ပြန်ရဲဘဲ စော်ကားခံရတဲ့၊ အနိုင်ကျင့်ပြုမူခံရတဲ့ တာဝန်ကျေပွန်တဲ့ဝန်ထမ်းတွေ အများကြီးရှိနေနိုင်ပါတယ်။ သူတို့အားလုံးအတွက် စိတ်ပူမိပါတယ်”**

ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလုပ်အပေါ်တာဝန်ကျေပွန်တဲ့ ဓမ္မနဲ့ ကိုယ်နဲ့မတူ ကိုယ့်ရန်သူသဘောပိုက်ပြီး အုပ်စုဖွဲ့အနိုင်ကျင့်တဲ့ အဓမ္မတို့ ထိပ်တိုက်တွေ့တဲ့ဖြစ်စဉ်ကို နားလည်ပြီး အားပေးကူညီသူတွေလည်း ရှိပါတယ်။ အမျိုးသမီးလေး အလုပ်အသစ်ရှာချိန်မှာ အခက်အခဲမရှိစေဖို့ တပ်မတော်ကိုချစ်ခင်လေးစားသူတွေနဲ့ မတရားမှုကို သတ္တိရှိရှိနဲ့တွန်းလှန်တဲ့အတွက် ဂုဏ်ပြုလိုသူတွေက ထောက်ပံ့ငွေတွေ ချီးမြှင့်ကြတယ်။ အမှန်တရားအတွက်၊ ကိုယ့်ရပ်တည်မှုအတွက် သူ့လိုမျိုး ပြန်လည်မချေပရဲသူတွေ၊ မတုံ့ပြန်ရဲဘဲ စော်ကားခံရတဲ့၊ အနိုင်ကျင့်ပြုမူခံရတဲ့ တာဝန်ကျေပွန်တဲ့ဝန်ထမ်းတွေ အများကြီးရှိနေနိုင်ပါတယ်။ သူတို့အားလုံးအတွက် စိတ်ပူမိပါတယ်။

ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် ထမ်းဆောင်နေရင်းနဲ့ အရှက်ခွဲ၊ စော်ကားခံရတဲ့သူတွေနေရာမှာ မိမိသာဖြစ်ခဲ့မယ်ဆိုရင် အကြောင်းကြောင်းကြောင့် ကိုယ်ယုံကြည်ရာ အမှုကိစ္စကို ဆောင်ရွက်နေစဉ်မှာ အထင်အမြင်သေးစွာနဲ့ စော်ကားခံရတဲ့အခါ ဘယ်လိုနေမလဲဆိုတာကို အနိုင်ကျင့်သူတွေ ကိုယ်ချင်းစာစေလိုပါတယ်။ အဲဒီအမျိုးသမီးအပြင် ရုံးတက်နေသူတွေကို အုပ်စုဖွဲ့ ခြိမ်းခြောက်တာ၊ ဆဲရေးတိုင်းထွာနေတာ၊ အလုပ်မဆင်းရလေအောင် အမျိုးမျိုးနှောင့်ယှက်နေတာဟာ ပျက်စီးရာပျက်စီးကြောင်းကို ရည်ရွယ်နေတယ်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေတယ်။ ဒီမိုကရေစီကို ပုံဖျက်နေတယ်၊ လူ့အခွင့်အရေးကို သွေးတိုးစမ်းနေတယ်လို့ပဲ ကောက်ချက်ချမိပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**ဆက်စပ်ပြီး အဲဒီလို အကျိုးပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသူတွေရဲ့နောက်ကွယ်က စနစ်တကျနဲ့ လူထုကို အာရုံအမှားတွေ၊ အသိအမြင်အမှားတွေ မှိုင်းတိုက်ပေးနေသူတွေကို စိတ်ပျက်မိပါတယ်။ လက်ရှိအခြေအနေအပေါ်ကို စနစ်တကျ ချဉ်းကပ်ပုံ ချဉ်းကပ်နည်း မှန်မှန်ကန်ကန်နဲ့ ဝေဖန်ပိုင်းခြားမှုမရှိဘဲ ကောလာဟလ သတင်းများတွေကို ယုံကြည်နေမိတဲ့ ပြည်သူအချို့ကိုလည်း ကျွန်တော်ကတော့ အားမလိုအားမရဖြစ်မိပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ မိန့်ခွန်းထဲမှာ တာဝန်ယူချိန်ကနေစတင်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ပြောင်းလဲသွားဖို့ မရှိကြောင်းနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေတယ်ဆိုတာကို ပြောကြားထားခဲ့ပြီး ဖြစ်ပါတယ်။ အရေးပေါ်အခြေအနေတစ်ရပ်မှာ ပြည်သူတွေရဲ့ အဓိကလိုအပ်ချက်က စားဝတ်နေရေးနဲ့ တည်ငြိမ်အေးချမ်းရေးဖြစ်ပါတယ်။ တည်တည်ငြိမ်ငြိမ်နဲ့ တိုင်းပြည်တိုးတက်ရေးကိုရှေးရှုလို့ စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို အမြန်ဆုံး ပြန်လည်ကျင်းပနိုင်ဖို့ အားလုံးကတတက်ညီလက်ညီ ရှေ့ဆက်ကြရမယ့်အချိန်မှာ အခုလို မညီမညွတ်နဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်ချက်တွေဟာ ပိုမိုဆိုးရွားတဲ့အနာဂတ်ကို တွန်းပို့နေသလိုဖြစ်နေပါတယ်။

**ဒီမိုကရေစီဆိုတာ ကိုယ်မကြိုက်တာကို မကြိုက်ကြောင်းပြောဆိုနိုင်တယ်၊ ဆန္ဒဖော်ထုတ်နိုင်ပါတယ်။ သို့သော် ပျက်စီးရာပျက်စီးကြောင်း၊ နိုင်ငံ့အကျိုးစီးပွားကို ထိခိုက်ရာထိခိုက်ကြောင်း လုပ်ဆောင်နေခြင်းကိုတော့ ဒီမိုကရေစီလို့ မသတ်မှတ်နိုင်ပါဘူး။ ဝန်ထမ်းတစ်ဦးဟာ ဒီအစိုးရကိုမကြိုက်လို့ အလုပ်မလုပ်ဘူး၊ နောက်အစိုးရကိုလည်း ကြိုက်မှသာ အလုပ်လုပ်မယ်ဆိုပြီး CDM ကိုသာ လုပ်နေကြမယ်ဆိုရင် နိုင်ငံအကျိုး သယ်ပိုးတဲ့ ဝန်ထမ်းကောင်းဖြစ်နိုင်ပါဦးမလား။ အခုတော့ CDM လုပ်မယ်။ နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော် မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လို ယူဆမယ်လို့ ထင်ပါသလဲ။ တက်လာတဲ့ အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက တစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ်နဲ့ သူ့ရဲ့ ချည်ငင်လို့ တိုးတက်ရာတိုးတက်ကြောင်းမရှိဘဲ ဝန်ထမ်းတွေခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည်ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ။ အဲဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်းတွေအတွက် သက်ဆိုင်ရာဥပဒေတွေ၊ ကျင့်ဝတ်၊ စည်းကမ်းတွေကို နိုင်ငံတိုင်းမှာ အတည်ပြုထားရတာ ဖြစ်ပါတယ်။**

လူ့အခွင့်အရေးကို မြတ်နိုးတန်ဖိုးထားတဲ့သူတွေဟာ ကိုယ်နဲ့မတူ ကိုယ့်ရန်သူအဖြစ် သတ်မှတ်ကြမှာမဟုတ်ဘဲ အကြိုက်နဲ့ဆန္ဒမတူသူတွေအပေါ်မှာလည်း လေးစားပေးရမှာ မဟုတ်ဘူးလား ခင်ဗျာ။ ဖေ့စ်ဘွတ်ခ်ပေါ်မှာ နေ့စဉ်တွေ့နေရတာက ရုံးတက်သူတွေကို အတင်းအကျပ် ဓာတ်ပုံရိုက်ကြတာတွေ၊ ကိုယ်ဝန်သည် အမျိုးသမီး ရုံးတက်နေတာတွေကို ဆဲဆိုကျိန်ဆဲထားတာတွေ၊ ဝန်ထမ်းတွေ ရုံးလာကြတာကို တိုက်ရိုက်ထုတ်လွှင့်ပြီး အရှက်ခွဲတာတွေ၊ ပြည်သူတွေ ငွေကြေး လွယ်လွယ်ကူကူ သုံးစွဲလို့ရအောင် အေတီအမ် ငွေထုတ်စက်တွေထဲ ငွေထည့်ပေးနေတဲ့ ဝန်ထမ်းတွေကို အရှက်ကွဲအောင်၊ ဆက်မလုပ်ရဲအောင် ကြံစည်တာတွေဟာ သူတစ်ပါးရဲ့ လွတ်လပ်မှုကို စော်ကားတာဖြစ်သလို ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံရဲ့ ပုံရိပ်ကို ချနင်းစေလိုက်တာပဲ ဖြစ်ပါတယ်။

**လူမှုကွန်ရက်ပေါ်မှာ ဖတ်ရှုရတဲ့ အမှန်တရားနဲ့နီးစပ်တဲ့ ဝေဖန်မှုတစ်ခုကို ပြန်လည်မျှဝေလိုပါတယ်။ အဲဒါကတော့ အခုလက်ရှိ အဖိတ်အစင် ဒဏ်ရာရကြသူတွေအကြား နိုင်ငံရေးသမားတွေ ပါပြီလား၊ ကီးဘုတ်ဖိုက်တာတွေပါပြီလား၊ လွှတ်တော်ကိုယ်စားလှယ်တွေပါပြီ လား၊ အရင်ကအစိုးရအဖွဲ့ဝင်တွေပါပြီလား၊ လှုံ့ဆော်နေတဲ့ ထင်ရှားကျော်ကြားကြသူတွေ ပါပြီလား၊ CDM ကို အတင်းဖိအားပေးနေတဲ့ ပညာတတ်လူလတ်တန်းစားတွေ ပါပြီလားဆိုပြီး မေးခွန်းထုတ်ထားတာပါ။ ကျွန်တော်စဉ်းစားနေမိတာလည်း အဲဒါပါပဲ။**

မသိနားမလည် ရိုးအတဲ့ပြည်သူတွေကို ၈ ရက်နေ့ အပြီးတို့၊ ခုနစ်ရက်ပြည့်တို့၊ ဗိုလ်ချုပ်မွေးနေ့ထူးပြီတို့၊ ၂ ငါးလုံးအပြီးတို့ အမျိုးမျိုးလှုံ့ဆော်နေကြတယ်။ ရိုးသားတဲ့ပြည်သူတွေခမျာ အမေရိကန်တပ်သားတွေလာမယ်ဆိုလည်း ယုံလိုက်ကြ၊ နိုင်ငံတကာက ဖိအားတွေပေးပြီး အခုပဲ နိုင်ငံတကာလုံခြုံရေးတပ်တွေ ဝင်လာတော့မလို ပြောတာလည်း ယုံလိုက်ကြ၊ လူအများညီရင် ဘာမှလုပ်လို့မရဘူး ရှေ့တိုးကြဆိုလည်း ယုံလိုက်ကြတာ။ ဝန်ထမ်းတွေကို လစာမပေးနိုင်တော့ဘူးဆိုလည်း ယုံလိုက်ကြနဲ့ မသိနားမလည်တဲ့ လူငယ်တွေ၊ ရိုးသားတဲ့ သာမန်ပြည်သူတွေကို နောက်ကွယ်ကနေ မြှောက်ပေးပြီး အုပ်စုစိတ်ဓာတ်ရိုက်သွင်းပေးပြီး စတေးခိုင်းသူတွေကို အံ့သြမိတယ်။

ကိုဗစ်ကြောင့် ပြည်သူတွေအားလုံး အလုပ်အကိုင်တွေထိခိုက်၊ စားဝတ်နေရေးတွေ ခက်ခဲနေရတဲ့အချိန်၊ လက်လုပ်လက်စားတွေ၊ လခစားတွေ အခုလို တိုင်းပြည်မငြိမ်မသက်ဖြစ်လာရင် နောက်ဆက်တွဲ အကျိုးဆက်တွေဖြစ်တဲ့ ခိုးဆိုးလုယက်တာတွေ၊ အဖျက်အမှောင့်လုပ်ရပ်တွေ အားကောင်းလာစေတာကို ပြည်သူတွေ ဆင်ခြင်တွေးတောစေလိုပါတယ်။ ပြည်သူ့အကျိုးအတွက် ကောင်းရာကောင်းကြောင်း လုပ်ပေးနေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေကို တိုက်ခိုက်ပြောဆိုနေတာ၊ စော်ကားနေတာ၊ ပိတ်ပင်တားဆီးနေတာဟာ တရားဥပဒေကို မျက်ကွယ်ပြုတာလည်း ဖြစ်ပါတယ်။

ဟိုနေ့ကလည်း အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေအပြင်သွားကြရတဲ့ ပြည်သူတွေကို လမ်းတွေပိတ်ပြီး သွားလာလို့မရအောင် ပိတ်ဆို့ထားတာတွေ၊ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူနေတာတွေ၊ လမ်းဖွင့်ပေးဖို့ တောင်းဆိုသူတွေကို ဆဲရေးတိုင်းထွာတာ၊ လမ်းပိတ်ခံထားရတဲ့ ကားတွေကိုဓာတ်ပုံရိုက်တာ၊ အုပ်စုဖွဲ့အရှက်ခွဲတာတွေကို မြင်ရပါတယ်။ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်လို့ရနိုင်တဲ့ နည်းလမ်းတွေကို မသုံးဘဲ အခုလို အဓမ္မလုပ်ကိုင်နေတာတွေကို မြင်ရတာ အတော်လေး ရုပ်ပျက်ဆင်းပျက် မြင်ကွင်းတွေလို့ ခံစားရစေပါတယ်။ လုံခြုံရေး တာဝန်ယူထားတဲ့သူတွေကို ရေသန့်ဘူးတွေ၊ ခဲလုံးတွေနဲ့ပေါက်ကြတာတွေကို မြင်တွေ့ရတယ်။ မတတ်သာတဲ့အဆုံး အဓိကရုဏ်း နှိမ်နင်းနေရတဲ့အခြေအနေတွေကို မြင်တွေ့ရတာ စိတ်မသက်သာဖြစ်ရပါတယ်။ နှစ်ဖက်စလုံးက မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေမဟုတ်ဘူးလား ခင်ဗျာ။

ကျွန်တော်တို့ငယ်ငယ်က လူကြီးတွေပြောတာ ကြားဖူးတယ်။ တိုင်းပြည် မတည်ငြိမ်ကြရင် မင်းလောင်းမျှော်ကြသတဲ့။ စကြာမင်းကြွလာမယ်တို့၊ တိုင်းပြည်ကိုကယ်တင်မယ့် မင်းလောင်းပေါ်မယ်တို့ အမျိုးမျိုးတွေပေါ့။ အမှန်တော့ လွတ်လပ်ရေးကို နယ်ချဲ့လက်အောက်က အရယူပေးတာ မြန်မာနိုင်ငံသားတွေပါပဲ။ ဘယ်ပြည်ပနိုင်ငံသားကမှ သူများနိုင်ငံရဲ့အကျိုးစီးပွားကို အသက်စွန့်ပြီး မကာကွယ်ပါဘူး။ နိုင်ငံရဲ့ပြည်တွင်းရေးကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရမှာက နိုင်ငံသားတွေရဲ့ တာဝန်ဖြစ်ပါတယ်။ မြှောက်ပေးသူတွေ၊ သွေးထိုးလှုံ့ဆော်သူတွေဟာ နောက်ကွယ်ကနေ နိုင်ငံတည်ငြိမ်မှုမရှိအောင် သွေးထိုးပေးနေတဲ့အတိုင်း ကြိုးဆွဲရာကနေကြလို့ မဖြစ်ချေပါဘူး။ အားလုံးစုစုစည်းစည်းနဲ့ ဥပဒေဘောင်အတွင်းကနေ အားလုံးပါဝင်ညီမျှတဲ့ ဒီမိုကရေစီဖော်ဆောင်မလဲဆိုတာကိုပဲ ဦးတည်စေချင်ပါတယ်။

ယနေ့အခြေအနေရောက်လာခဲ့ရတာကိုက ပြည်သူတွေရဲ့ သဘောဆန္ဒတွေကို မျက်ကွယ်ပြုပြီး တိုင်ပင်နှီးနှောမှု၊ ညှိနှိုင်းအဖြေရှာမှုအားနည်းခဲ့ရတဲ့အတွက်လို့ ကျွန်တော်ကတော့ မှတ်ယူပါတယ်။ ဒါကိုသင်ခန်းစာယူပြီး အနာဂတ်မြန်မာ့နိုင်ငံရေးကို ထုဆစ်ရာမှာ ဆန္ဒပြသူတွေပြောနေကြတဲ့ နွေဦးတော်လှန်ရေးကနေ အားလုံးညီညီ ညွတ်ညွတ်နဲ့ဖန်တီးကြမယ့် နွေဦးနံနက်ခင်းအဖြစ် ပြောင်းလဲနိုင်ဖို့ လိုပါတယ်။ အဖျက်အမှောင့်လုပ်ရပ်တွေကို ပြည်သူတစ်ရပ်လုံးက နားလည်သဘောပေါက်ပြီး ပူးပေါင်း ကြိုးပမ်းကြမယ်ဆိုရင် အနာဂတ်အတွက် အချိန်မနှောင်းသေးဘူးလို့ ထင်မြင်မိပါတယ်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနဲ့ အေးချမ်းလုံခြုံခြင်းကို လိုလားကြတဲ့ ပြည်သူတွေဟာ လက်ရှိအခြေအနေမှာ ဖြစ်ပွားနေတဲ့ ဥပဒေမဲ့ ကျူးလွန်မှုတွေကို လက်သင့်ခံနိုင်ကြမယ် မထင်ပါဘူး။ ဒါကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ ပြည်သူကိုအသိပေးချက်တွေ၊ မေတ္တာရပ်ခံချက်တွေ ထုတ်ပြန်ပြီး တစ်ဖက်မှာလည်း ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်မှုတွေကို **ပြုလုပ်နေရပြီဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေရတာပဲ ဖြစ်ပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းရလဒ်များကို ပြန်လည်စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်တဲ့ကိစ္စရပ်တွေကို အမြန်ဆုံးနဲ့ စနစ်တကျ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်မှာဖြစ်တယ်ဆိုတာကိုလည်း အတိအလင်း ကြေညာထားပြီးသား ဖြစ်ပါတယ်။

ဒါတွေကို လျစ်လျူရှုပြီး တိုင်းပြည်ပျက်စီးကြောင်း ကြံစည်မြှောက်ပင့် သွေးထိုးပေးနေတာ၊ ပြည်သူလူထုရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို တိုးပွားအောင်လုပ်ဆောင်နေတာ၊ ကောလာဟလသတင်းများတွေနဲ့ လူထုကိုကြိုးကိုင်နိုင်အောင် လုပ်ဆောင်နေတာတွေကို ရည်ရွယ်ချက်အပြည့်နဲ့ လုပ်ဆောင်တဲ့သူတွေအနေနဲ့ ရပ်တန်းကရပ်သင့်ပါပြီ။ ပြည်သူတွေအနေနဲ့လည်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်လာစေဖို့ အားလုံးညီညွတ်စွာနဲ့ လျှောက်လှမ်းသွားကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# ချင့်ယုံ၊ ပွားများ လူမှုကွန်ရက်များ

## လင်းနိုင်

ဆောင်းရာသီရဲ့ အေးမြမြနံနက်ခင်းမှာ နှင်းစက်တွေနဲ့အတူ လမ်းလျှောက်ခြင်းကို အချိန်ပေးပြီး မဖြစ်မနေ လုပ်ဆောင်ဖြစ်တယ်။ ရုပ်ပိုင်းရော စိတ်ပိုင်းဆိုင်ရာပါ များစွာ အထောက်အကူဖြစ်စေတဲ့ လမ်းလျှောက်ခြင်းကြောင့် စိတ်ရောကိုယ်ပါ တစ်နေ့တာလုံး ကြည်လင်လန်းဆန်းနေပြီး နေ့စဉ်လုပ်ဆောင်ရမယ့် နိုင်ငံ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်တာပဲ ဖြစ်ပါတယ်။

နံနက်ခင်း လမ်းလျှောက်ပြန်ရောက်တိုင်း ရေအဝသောက်ပြီး ခဏလေးအနားယူချိန်မှာ လူမှုကွန်ရက်တွေက သတင်းအဖုံဖုံကို သိရအောင် ၁၅ မိနစ်လောက်တော့ ကြည့်ဖြစ်တယ်။ တစ်ခါတလေလည်း နာရီဝက်မက အချိန်ကြာမှန်းမသိ ကြာတတ်တဲ့ ရက်တွေလည်း ရှိခဲ့တယ်။ ခုချိန်ကာလမှာတော့ မနက်ခင်းမင်္ဂလာအချိန် ကိုယ့်ရဲ့ ကောင်းမြတ်တဲ့စိတ်တွေကို ထိခိုက်စေမယ့် သတင်း မဟုတ်တဲ့ အတင်းတွေ၊ အဖျင်းတွေ၊ အတုအယောင် စာသား၊ စကားတွေကိုရှောင်ဖို့ ဖုန်းသုံးခြင်းကို လျှော့ချ ဖြစ်ခဲ့တယ်။

နေ့လယ်ပိုင်းအားချိန် လူမှုကွန်ရက်တွေ ဝင်ကြည့်ချိန်မှာတောင် အများဆုံးတွေ့မြင်နေရ၊ ဖတ်လိုက်ရတာတွေက ဘယ်သူက စတင်မှန်းမသိ စတင်လိုက်တဲ့ သတင်းမှား၊ သတင်းတုတွေ။ အခြေအမြစ်မရှိ၊ မတိကျ မရေရာတဲ့ စာသားတွေကို ကူးယူလိုက်၊ ပြန်လည်မျှဝေလိုက်နဲ့ ကိုယ်ပိုင်စဉ်းစားဆင်ခြင်ဉာဏ် မရှိတော့တဲ့ လူသားတွေ ဖြစ်နေပြီသလားတောင် ထင်မိလိုက်ရတယ်။

ဒီကာလမှာ တချို့တချို့ ဝန်ထမ်းတွေဟာ လူမှု ကွန်ရက်ပေါ်ကို ဘယ်သူစတင်မှန်းမသိတဲ့ စာသားတွေကို ကူးယူပြီး ပြန်လည်ဖော်ပြခြင်း လုပ်ရပ်တွေဟာလည်း ဝန်ထမ်းစည်းမျဉ်းအရ အရေးယူဖို့ ဖော်ထုတ်ရာမှာ စုံစမ်းစစ်ဆေးစရာ မလိုအောင်ကို သက်သေအခိုင်အမာ ဖြစ်နေတတ်တယ်ဆိုတာကို စဉ်းစားဆင်ခြင်နိုင်ဖို့ လိုပါတယ်။ အလုပ်မရှိ၊ အကိုင်မရှိသူတွေ မြှောက်ပင့်နေတဲ့ ဘဝနစ်မွန်းရေး လုပ်ရပ်တွေကနေ အမြန်ဆုံး ရုန်းထွက်နိုင်ပြီး ဂုဏ်သိက္ခာရှိရှိ ရုံးပြန်တက်ကြခြင်းသာ အကောင်းဆုံးဆိုတာကို အချိန်မလွန်ခင် အမှန်မြင်နိုင်ကြဖို့ လိုပါတယ်။

တစ်ရက်က ဖတ်လိုက်ရတဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှာ နိုင်ငံ့ဝန်ထမ်းတွေကို Civil Dis-obedience Movement-CDM မှာ ပါဝင်ကြဖို့၊ ပူးပေါင်းကြဖို့ကို ခပ်ကြမ်းကြမ်း၊ ခပ်ပွဲ့ပွဲ့ ရေးသားထားကြသူတွေကို တွေ့လိုက်ရတယ်။ သူတို့ရဲ့ ဖေ့စ်ဘွတ်အကောင့်တွေ ကြည့်လိုက်ပြန်တော့ ဘက်လိုက်ရေးသားနေတဲ့ အဆိပ်အတောက် မီဒီယာသမားတချို့၊ Project နဲ့ ရပ်တည်နေတဲ့ ဝန်ထမ်းတချို့၊ အလုပ်မည်မည်ရရ မရှိသူတချို့၊ နိုင်ငံ့ဝန်ထမ်းဘဝကနေ အကြောင်းအမျိုးမျိုးနဲ့ ထွက်သွားသူ အလုပ်ပြုတ်သွားသူ တချို့၊ တစ်ချိန်က တင်ဒါတွေနဲ့ ချမ်းသာကြီးပွားခဲ့သူတချို့။ ဒီလို ဒီလိုလူတွေက အများစု။

လူမှုကွန်ရက်သုံးစွဲသူ တချို့ကလည်း သတင်းမှား၊ သတင်းတု၊ အတင်းအဖျင်း သတင်းမှန်း သိလျက်နဲ့ပင် ပြန်လည်မျှဝေခြင်းကို ပြုလုပ်နေကြတာကလည်း သတင်းမှန်ဖို့ထက် သတင်းဖြန့်ဖို့ကို စိတ်ခံစားမှုနဲ့ ပေါ်ပြူလာဖြစ်မှုအတွက် ဦးတည်နေခြင်းသာ ဖြစ်ပါတယ်။ သတင်းအချက်အလက် မှန်ကန်မှုနည်းနေတဲ့ မြန်မာ့လူမှုကွန်ရက်က သတင်းတွေကို အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ဖို့ရာမှာ ပညာနဲ့ယှဉ်ထိုး ဆုံးဖြတ်နိုင်မှသာ သတင်းမှား သတင်းမှန် ခွဲခြားသိမြင် ပိုင်းခြားဝေဖန်နိုင်မှာ ဖြစ်ပါတယ်။

လူမှုကွန်ရက်က အကြောင်းအရာတစ်ခု၊ သတင်းတစ်ပုဒ်ကို ဖတ်ပြီဆိုတာနဲ့ သတင်းရင်းမြစ်ကို ဦးစွာဆန်းစစ်ရမှာ ဖြစ်ပါတယ်။ ခုရက်ပိုင်း ဖေ့စ်ဘွတ်စာမျက်နှာမှာ တွေ့ရတာတွေက သတင်းရင်းမြစ်မပါဘဲ ခရက်ဒစ် (Crd:) ဟုသာဖော်ပြပြီး သတင်းမှား၊ အတင်းအဖျင်း အကြောင်းအရာတွေက ခပ်များများ။ သတင်းရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်ပြန်တော့ ဒီမိုကရေစီဟု နှုတ်ကတတွတ်တွတ်ရွတ်ကာ လုပ်ရပ်က စည်းမဲ့ကမ်းမဲ့၊ အများသူငါကို နည်းမျိုးစုံနဲ့ နှောင့်ယှက်နေကြတဲ့ ကိစ္စတွေ။ ရေးသားထားတဲ့ သတင်းတွေမှာ အချက်အလက်တွေဟာ မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုမရှိဘဲ လိုရာကိုဆွဲပြီး ပြည်သူတွေ ဆူပူအောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ချဲ့ကားရေးသားထားတာတွေဟာလည်း သတင်းမှားနဲ့ ပြည်သူတွေ လမ်းလွဲရောက်အောင် လုပ်ကြံလီဆယ်မှုဆိုတာ ဆက်စပ်ကြည့်လိုက်ရင် သိနိုင်ပါတယ်။

ခုလို ကိုဗစ်-၁၉ ရောဂါကြောင့် ကိုယ့်နိုင်ငံတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံးအလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးနေချိန်မှာ "နိုင်ငံ့ဝန်ထမ်းအလုပ်ကို ရဲရဲသာထွက်လာခဲ့လိုက်။ ရန်ကုန်မှာ အလုပ်တွေပေါတယ်၊ လာသာ လာခဲ့လိုက်ဆိုတဲ့" စကားတွေဟာ ဘယ်လောက်များ ဟာသဖြစ်စရာလဲ။ ရန်ကုန်မှာနေတဲ့ ဒေသခံတွေထဲက လူငယ်အများစုတောင် အလုပ်ရဖို့ အခက်အခဲတွေ ရင်ဆိုင်နေရချိန် ဒေသခံ မဟုတ်တဲ့သူတွေအတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအခက်အခဲမျိုးစုံကို လက်တွေ့ချင့်ချိန်ကြည့်ဖို့ လိုပါတယ်။ လက်ရှိဘဝကနေ လက်မဲ့ဘဝကို နေ့ချင်းညချင်းရောက်သွားပြီး ယောင်ဝါးဝါး ဝေလေလေနဲ့ နေရမယ့်နေ့ရက်တွေဟာ ပညာတတ်နိုင်ငံ့ဝန်ထမ်းအတွက် ဆီလျော်ထိုက်တန်တဲ့ ကိစ္စမဟုတ်တာကြောင့် လမ်းမှားကိုစွန့်ပြီး လမ်းမှန်ကို အမြန်ပြန်လည်လျှောက်လှမ်းလာဖို့ တိုက်တွန်းပါတယ်။

လူမှုကွန်ရက်ဆိုတာက ကောလာဟလ ပေါင်းစုံတက်တယ်။ ဒီအပေါ်မှာ အခွင့်ကောင်းယူပြီး နိုင်ငံဆူပူမှု ဖြစ်အောင်၊ အလုံးစုံ ပျက်သုဉ်းရေးဆီ ဦးတည်တာတွေဟာ ဘယ်လိုမှနိုင်ငံအပေါ်ထားတဲ့ စိတ်ထားစေတနာ မကောင်းဘူး၊ မမှန်ကန်ဘူး။ အထူးသဖြင့် သတင်းတု၊ သတင်းမှား ဖြန့်ချိနေသူတွေက Disinformation Campaign၊ Misinformation Campaign သဘောလုပ်နေကြတာကြောင့် မိမိဖေ့စ်ဘွတ်အကောင့်ထဲမှာ သတင်းတု၊ သတင်းမှား မျှဝေသူတွေကို မထားသင့်တော့ပါဘူး။ ဖေ့စ်ဘွတ်ဆိုတာ မိမိအကောင့်ထဲ လူကောင်းများရင် ကောင်းမွန်တဲ့ အကျင့်စရိုက်တွေကို အချင်းချင်းမျှဝေ ပြန့်ပွားနိုင်ပြီး စိတ်အေးချမ်းမှု မေတ္တာခတ်ရသလို လူဆိုးသူယုတ်တွေ များလာရင်တော့ မကောင်းတဲ့ အတွေးအခေါ် စရိုက်ဆိုး၊ စရိုက်ကြမ်းများကြောင့် အတ္တနဲ့မာနတို့သာ ရရှိကြမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ မာနဆိုတာကို အနည်းငယ်မျှ အကျဉ်းချုံး ဖော်ပြပါဦးမယ်။ မာနဆိုတာ တက်ကြွခြင်း၊ ထောင်လွှားခြင်းလို့ အဓိပ္ပာယ်ရပြီး မာနတရားကြောင့် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုစေပါတယ်။ မာနရှိနေသရွေ့ ပူလောင်မှုနဲ့ လောင်မြိုက်နေမှာ ဖြစ်ပါတယ်။ မာနနဲ့ ပတ်သက်လို့ မန်လည်ဆရာတော်ကြီးက "လောကလူတွင်၊ ငါသာလျှင်တိ၊ ငါ့ပြင်မရှိ ထင်ဘိမှတ်ယောင်၊ မောဟဆောင်၍၊ အန်ထောင်မာန၊ မမူရတည့်၊ သုတတရား၊ မြင်ကြားအသိ၊ များစွာရှိလည်း၊ သတိမယှဉ်၊ သမ္ပဇဉ်မမှီး၊ မာနကြီးက၊ ခွေးမြီးပမာ၊ မည်စပါခွဲ၊ ထောင်ကာမတ္တာ၊ သုံးမကျရှင့်၊ သူများကိုသာ၊ နှိပ်လိုစွာဖြင့်၊ ရန်စွာထိပါး၊ အပြစ်များ၏"ဟု မဃဒေဝလင်္ကာအဖြစ် စပ်ဆိုခဲ့ပြီး လူသားများအနေနဲ့ မာနကိုအကြွင်းမဲ့ မပယ်သတ်နိုင်သေးသော်လည်း သတိတရားနဲ့ ထိန်းချုပ်နိုင်ကြဖို့ တိုက်တွန်းဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် CDM မှာ ပါဝင်လှုပ်ရှားနေကြတဲ့ နိုင်ငံဝန်ထမ်းတွေအနေနဲ့လည်း သတိတစ်ချက်အလွတ်မှာ ရောယောင်ပြီး နားယောင်ကာ မပါဝင်ထိုက်တဲ့ လုပ်ရပ်တွေကို အမြန်ဆုံးဆင်ခြင်နိုင်ပြီး တလွဲမာနတို့ဖြင့် အံကြိတ်ကာ ဘဝကိုရှင်သန်နေမယ့်အစား မိမိတတ်သိထားတဲ့ပညာနဲ့ ကျွမ်းကျင်တတ်မြောက်ထားတဲ့ အလုပ်ကို တန်ဖိုးထားကာ နိုင်ငံအတွက်၊ ပြည်သူ့အတွက်၊ မိသားစုအတွက်၊ ဘဝအတွက် ဆိုင်ရာလုပ်ငန်းခွင်သို့ အမြန်ပြန်လည်ဝင်ရောက်ကြရန် အချိန်တန်ပြီဖြစ်ပါတယ်။

ငယ်စဉ်ကတည်းက အရွယ်ရောက်သည်အထိ သင်ကြားခဲ့ရတဲ့ သညာ (ပညာ) တွေကြောင့် နိုင်ငံတော်ရဲ့ တစ်ထောင့်တစ်နေရာကနေ နိုင်ငံအတွက်၊ ပြည်သူအတွက် ကျရာတာဝန်ကို ပါဝင်ထမ်းဆောင်ခွင့်ရရှိနေကြပြီဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းခွင်မှရရှိတဲ့ ပညာရပ်အစုံစုံတို့ ပေါင်းဖက်ပြီး သညာရော ပညာပါ စုံလင်စွာ တတ်မြောက်ခွင့်ရရှိနေပြီ ဖြစ်ပါတယ်။ ဤသို့ဆိုလျှင် နိုင်ငံ့ကျေးဇူး၊ ဌာနကျေးဇူး၊ လုပ်ဖော်ကိုင်ဖက် ဆရာသမားများရဲ့ မေတ္တာတို့ဖြင့် "အပြုံးမပျက် ရုံးတက်"ပြီး နိုင်ငံ့ တာဝန်တွေကနေ "ရှန်းမထွက်ဘဲ ရုံးတက်" ကြရင်း တိုင်းပြည်ရဲ့အနာဂတ်ကို ထုံမွမ်းအလှဆင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**" လူမှုကွန်ရက်က အကြောင်းအရာတစ်ခု၊ သတင်းတစ်ပုဒ်ကို ဖတ်ပြီဆိုတာနဲ့ သတင်းရင်းမြစ်ကို ဦးစွာ ဆန်းစစ်ရမှာ ဖြစ်ပါတယ်။ ခုရက်ပိုင်း ဖေ့စ်ဘွတ်စာမျက်နှာမှာ တွေ့ရတာတွေက သတင်းရင်းမြစ်မပါဘဲ ခရက်ဒစ်(Crd:) ဟုသာဖော်ပြပြီး သတင်းမှား၊ အတင်းအဖျင်း အကြောင်းအရာတွေက ခပ်များများ။ သတင်းရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်ပြန်တော့ ဒီမိုကရေစီဟု နှုတ်ကတတွတ်တွတ်ရွတ်ကာ လုပ်ရပ်က စည်းမဲ့ကမ်းမဲ့၊ အများသူငါကို နည်းမျိုးစုံနဲ့ နှောင့်ယှက်နေကြတဲ့ကိစ္စတွေ။ ရေးသားထားတဲ့ သတင်းတွေမှာ အချက်အလက်တွေဟာ မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုမရှိဘဲ လိုရာကိုဆွဲပြီး ပြည်သူတွေဆူပူအောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ချဲ့ကား ရေးသားထားတာတွေဟာလည်း သတင်းမှားနဲ့ ပြည်သူတွေ လမ်းလွဲရောက်အောင် လုပ်ကြံလီဆယ်မှုဆိုတာ ဆက်စပ်ကြည့်လိုက်ရင် သိနိုင်ပါတယ်"**

" လူမှုကွန်ရက်ဆိုတာက ကောလာဟလ ပေါင်းစုံတက်တယ်။ ဒီအပေါ်မှာ အခွင့်ကောင်းယူပြီး နိုင်ငံဆူပူမှု ဖြစ်အောင်၊ အလုံးစုံ ပျက်သုဉ်းရေးဆီ ဦးတည်တာတွေဟာ ဘယ်လိုမှနိုင်ငံအပေါ်ထားတဲ့ စိတ်ထားစေတနာ မကောင်းဘူး၊ မမှန်ကန်ဘူး။ အထူးသဖြင့် သတင်းတု၊ သတင်းမှားဖြန့်ချိနေသူတွေက Disinformation Campaign၊ Misinformation Campaign သဘော လုပ်နေကြတာကြောင့် မိမိဖေ့စ်ဘွတ်အကောင့်ထဲမှာ သတင်းတု၊ သတင်းမှား မျှဝေသူတွေကို မထားသင့်တော့ပါဘူး။ ဖေ့စ်ဘွတ်ဆိုတာ မိမိအကောင့်ထဲ လူကောင်းများရင် ကောင်းမွန်တဲ့ အကျင့်စရိုက်တွေကို အချင်းချင်းမျှဝေ ပြန့်ပွားနိုင်ပြီး စိတ်အေးချမ်းမှု မေတ္တာခတ်ရသလို လူဆိုးသူယုတ်တွေ များလာရင်တော့ မကောင်းတဲ့ အတွေးအခေါ် စရိုက်ဆိုးစရိုက်ကြမ်းများကြောင့် အတ္တနဲ့မာနတို့သာ ရရှိကြမှာဖြစ်ပါတယ်"

# အသိ သတိဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလို

❖ အမှန်အတိုင်းပြောရရင် ဒီနေ့အချိန်မှာ ကောင်စီဝင်များအနေနဲ့ ကျောခိုင်းထွက်ခွာခြင်းမပြုသင့်ဘဲ သတင်းမီဒီယာသမားများရဲ့ အကျိုးအတွက် အတူတကွ ညီညီညွတ်ညွတ် ရင်ဆိုင်ဖြေရှင်းပေးရမယ့်အချိန်ဖြစ်ပါတယ်။ လွတ်လပ်ပြီး အမှီအခိုကင်းကင်း၊ အနှောင်အဖွဲ့ကင်းကင်း၊ အရောင်အသွေးကင်းကင်းနဲ့ သတင်းမီဒီယာလောကကြီးအကျိုးကို ဆောင်ရွက်ပေးရမယ့်အချိန် ဖြစ်ပါတယ်။ ပုထုဇဉ်လူသားများပီပီ ယုံကြည်ချက်၊ ရပ်တည်ချက်တွေ ကွဲပြားမှုရှိနိုင်ပေမယ့် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် အချိန်ကာလအထိ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

## ကျော်စွာ

**အမြဲသတိ၊ အသိရှေ့သွား**
**ဉာဏ်သွားမပေ၊ ထက်မြက်စေလော့**
**ပြုလေသမျှ၊ ကိစ္စများမြောင်**
**ဆောင်တိုင်းအောင်လိမ့်။**

ဆရာတော်ကြီးတစ်ပါးရဲ့ ဆုံးမစကားက အခုချိန်မှာ လွန်စွာအကျိုးရှိလှပါတယ်။ ဗုဒ္ဓအဆုံးအမ တရားတွေကို အချိန်အများကြီးပေးပြီး နာကြားစရာမလိုဘဲ လိုရင်းကို ထိထိမိမိနားလည်လွယ်တဲ့ ဆုံးမစကားဟု ဆိုရပါမယ်။ အရာရာမှာ သတိနှင့်အသိကို ဦးဆောင်ဦးရွက်ပြုပြီး ဉာဏ်ပညာဖြင့် ပြုလုပ်သမျှ ကိစ္စတိုင်းဟာ အမှန်ပင် အောင်မြင်ပေလိမ့်မယ်လို့ နားလည်လက်ခံထားမိပါတယ်။

အခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေတဲ့ သတင်းတွေက ရင်တုန်ပန်းတုန်ဖြစ်အောင် လှုပ်ခတ်လွန်းလှပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ နေ့စဉ်လိုလို ကောလာဟလ သတင်းတွေ၊ အမုန်းစကားတွေ၊ သတင်းတု သတင်းယောင်တွေက ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ နေရာယူနေကြတာကို တွေ့နေရပါတယ်။ အချို့သတင်းတု သတင်းယောင်တွေဆိုရင် သာမန်ပုံဖျက်ထုတ်လွှင့်ရုံသာမကဘဲ ပိပိရိရိ ပြင်ဆင်ဖန်တီးပြီး အယုံသွင်း ထုတ်လွှင့်နေပါတော့တယ်။

ခြုံပြီးပြောရရင် ဒီနေ့အချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်ကဏ္ဍမျိုးစုံမှာ သတိတရား၊ အသိတရားဖြင့် ရှင်သန်လုပ်ကိုင်ဖို့ လိုအပ်နေပါတယ်။ သတိနှင့်အသိကပ်ပြီး အရာရာ ဆင်ခြင်ဆောင်ရွက်ဖို့ သတိပြုကြရမှာဖြစ်ပါတယ်။

### သတင်းတွေမှန်ဖို့လို

ယနေ့ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍ ဘယ်လိုရှိသလဲလို့ ပြန်လည်ဆန်းစစ်ကြည့်တဲ့အခါ ဆရာကြီး ဇဝန ပြောခဲ့တဲ့ စကားတွေကိုပဲ အမှတ်ရမိနေပါတယ်။ **“သတင်းစာမှာ ဖော်ပြပါရှိတဲ့ ဖြစ်ရပ်တွေဟာ ယနေ့အဖို့ ‘သတင်း’ ဖြစ်ပေမယ့် နောက်နေ့မှာ ‘သမိုင်း’ အဖြစ်ကို ရောက်ရှိသွားကြတယ်။ ဒါကြောင့် သတင်းစာတွေဟာ သမိုင်းကို မှတ်တမ်းတင်နေကြတယ်”** လို့ ဆိုခဲ့ဖူးပါတယ်။ တကယ်တော့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ သမိုင်းကို မှတ်တမ်းတင်ရုံသာမကပါဘူး။ အနာဂတ်သမိုင်းကိုပါ ဖန်တီးနေကြတယ်လို့ ကျွန်တော်ကတော့ ထင်မိတာပါပဲ။

တကယ်တမ်းပြောရရင် ဆရာကြီး ဇဝန ပြောခဲ့သလိုပဲ သတင်းစာဆိုတာ နိုင်ငံရေးနဲ့ လူမှုရေးကို ရှေ့တန်းတင်ပြီး ဂျာနယ် မဂ္ဂဇင်းဆိုတာကတော့ စာပေယဉ်ကျေးမှုနဲ့ အနုပညာတို့ကို အလေးပေးရတဲ့ သဘောသဘာဝရှိပါတယ်။ တစ်ခါတစ်ရံတော့ ဂျာနယ် မဂ္ဂဇင်းတို့ဟာလည်း သတင်းစာထက်ပိုပြီး နိုင်ငံရေးကို ဇောင်းပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဒါကြောင့် သတင်းမီဒီယာအားလုံးဟာ ကျွန်တော်တို့ရဲ့ အနာဂတ်သမိုင်းကို ဖန်တီးနေကြတာဖြစ်တဲ့အတွက် အလေးအမြတ်ပြုနေရတာပဲ ဖြစ်ပါတယ်။

ဒီနေ့အချိန်ဟာ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်က တာဝန်ယူဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီခရီးလမ်း ဖြောင့်ဖြောင့်ဖြူးဖြူး မှန်မှန်ကန်ကန် ခရီးဆက်နိုင်ဖို့အတွက် ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။

ဒီလိုအခြေအနေမှာ သတင်းတု/ သတင်းမှားတွေ၊ အမုန်းစကားတွေ၊ ကောလာဟလတွေ ထုတ်လွှင့်ပြီး တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော် ထုတ်လွှင့်မှုတွေ မပြုလုပ်ကြဖို့ ဝိုင်းဝန်းဆန့်ကျင် တားမြစ်ရမယ့်အချိန် ဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းဟာ သတင်းမီဒီယာတွေအားလုံး ကျင့်ဝတ်သိက္ခာစောင့်စည်းပေးဖို့နဲ့ စည်းကမ်းဥပဒေ လိုက်နာဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ယနေ့အချိန်ကဲ့သို့ စစ်အေးခေတ်လွန်ကာလမှာ သတင်းမီဒီယာလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သတိပြုသင့်တဲ့ အချက် ၃ ချက်လောက်ရှိမယ်ထင်ပါတယ်။ ပထမအချက်ကတော့ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်းများစွာ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးခဲ့ပြီး ဒီမိုကရေစီစနစ်ကို ကူးပြောင်းခါစ အခြေမခိုင်သေးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံရေးသတင်းတွေ၊ ပဋိပက္ခသတင်းတွေ၊ ရွေးကောက်ပွဲသတင်းတွေ တင်ပြမှုနဲ့ပတ်သက်လာရင် အတွေ့အကြုံနည်းပါးပါတယ်။ ဒုတိယအချက်ကတော့ ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်ဖို့ လေ့ကျင့်ပြုစုပျိုးထောင်ဖို့ လိုအပ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော်တို့အားလုံးဟာ သတင်းထိန်းချုပ်မှုများပြားတဲ့ ခေတ်စနစ်များအတွင်းမှာ ကာလကြာရှည်နေထိုင်ခဲ့ကြရတဲ့အတွက် သတင်းဦး/ သတင်းထူးမှန်သမျှကို ဝေဖန်ဆန်းစစ်မှုနည်းပါးပြီး အယုံလွယ်တတ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့လို ဒီမိုကရေစီ မရင့်ကျက်၊ အခြေမခိုင်သေးတဲ့ နိုင်ငံတွေမှာ သတင်းမီဒီယာတွေကလည်း သတင်းထူး/ သတင်းဦးကို အဆောတလျင် ဖော်ပြကြတယ်။ ပြည်သူတွေကလည်း အယုံလွယ်ကြတယ်။ နောက်ဆုံးတော့ မလိုလားအပ်တဲ့ ပြဿနာတွေ၊ အရေးအခင်းတွေကို မီးလောင်ရာ လေပင့်ပေးသလိုဖြစ်စေပြီး မတည်ငြိမ်မှုတွေနဲ့သာ ကြုံတွေ့နေရပါတယ်။ ဒါဟာ လွတ်လပ်မှုနဲ့ ကျင့်ဝတ်ဆိုင်ရာ ပြဿနာလို့သာ အလွယ်မှတ်ရပါတော့မယ်။

### ထိန်းကျောင်းရမယ့် အဖွဲ့အစည်းရှိဖို့လို

ပြောရမယ်ဆိုရင် ဒီမိုကရေစီကျင့်စဉ်များ မခိုင်မာသေးတဲ့ ကျွန်တော်တို့နိုင်ငံအတွက် မှန်ကန်မျှတတဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေဖို့နဲ့ သတင်းမီဒီယာသမားများရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးမယ့် အဖွဲ့အစည်းကြီးတစ်ရပ် မဖြစ်မနေလိုအပ်နေတာ လူတိုင်းသိကြပါတယ်။ အထူးသဖြင့် နိုင်ငံတိုင်းလိုလိုမှာ သတင်းမီဒီယာသမားတွေရဲ့ ကျင့်ဝတ်နဲ့ပတ်သက်ပြီး စောင့်ကြည့် လေ့လာထိန်းသိမ်းပေးဖို့နဲ့ သူတို့ရဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ကူညီဖြေရှင်းပေးနိုင်ဖို့ သတင်းမီဒီယာဆိုင်ရာ အဖွဲ့အစည်းကြီးတွေကို ဖွဲ့စည်းဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့နိုင်ငံမှာတော့ ၂၀၁၄ ခုနှစ်ကစပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကိုဖွဲ့စည်းပြီး ဆောင်ရွက်နေတာ တွေ့ရတဲ့အတွက် ဝမ်းသာစရာကောင်းလှပါတယ်။ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေ ဖြန့်ချိနိုင်ဖို့၊ သတင်းမီဒီယာလုပ်ငန်းဟာ စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်ဖို့၊ သတင်းမီဒီယာသမားများရဲ့ ရပိုင်ခွင့်နဲ့ လွတ်လပ်ခွင့်တွေကို အပြည့်အဝရရှိစေဖို့၊ သတင်းမီဒီယာသမားများ လိုက်နာရမယ့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းကျင့်စဉ်တွေကို သတ်မှတ်ရေးဆွဲနိုင်ဖို့၊ နိုင်ငံသားတိုင်း သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ဖို့၊ သတင်းမီဒီယာတစ်ခုခုမှာ ရေးသားဖော်ပြထုတ်လွှင့်မှု တစ်ရပ်ရပ်နဲ့ပတ်သက်ပြီး တိုင်ကြားချက်၊ အငြင်းပွားချက်တွေ ဖြစ်ပေါ်လာရင် ညှိနှိုင်းဖြေရှင်းပေးဖို့အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကြီး ပေါ်ပေါက်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို အမှန်တကယ်လည်း ဆောင်ရွက်နိုင်ခဲ့ကြတာ တွေ့ရတဲ့အတွက် ကျွန်တော်တို့အားရကျေနပ်မိတာ အမှန်ပါပဲ။ ကောင်စီမှာ ပါဝင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေဟာလည်း လစာတစ်ပြားတစ်ချပ်မှ မယူ၊ စေတနာအပြည့်နဲ့ ဆောင်ရွက်ပေးခဲ့ကြတာကို သတင်းမီဒီယာသမားတိုင်း တွေ့မြင်ခဲ့ကြပါတယ်။ အားရကျေနပ်ခဲ့ကြပါတယ်။

### အမြဲသတိ အသိရှေ့ထား

အားလုံးသိကြပြီးတဲ့အတိုင်း မကြာသေးခင်ရက်ပိုင်းက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အချို့က နုတ်ထွက်ကြမယ်ဆိုတဲ့ သတင်း ပျံ့နှံ့လာခဲ့ပါတယ်။ တစ်ဦးတစ်ယောက် နုတ်ထွက်ကြတာမဟုတ်ဘဲ အစုအဖွဲ့လိုက် နုတ်ထွက်ဖို့ဆောင်ရွက်ကြတဲ့အတွက် နိုင်ငံသားတစ်ဦးအနေနဲ့ စိတ်မကောင်းဖြစ်ရပါတယ်။ အသိဉာဏ်ပညာ အထိုက်အလျောက်ရှိကြသူများဖြစ်တဲ့အပြင် အမှန်နဲ့ အမှား၊ အကျိုးနဲ့ အပြစ်ကို ခွဲခြားနိုင်ကြသူများဖြစ်တဲ့အတွက်လည်း ပြောစရာစကားမရှိအောင် ဆွံ့အမိပါတယ်။ မီဒီယာသမားတွေဟာ ယနေ့ဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်တွေအပေါ် ပြည်သူကို မှန်မှန်ကန်ကန် သတင်းအချက်အလက်တွေပေးဖို့လိုသလို ကျင့်ဝတ်စည်းကမ်းတွေ လိုက်နာဖို့အတွက်လည်း ထိန်းသိမ်းဆောင်ရွက်ပေးဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။

အမှန်အတိုင်းပြောရရင် ဒီနေ့အချိန်မှာ ကောင်စီဝင်များအနေနဲ့ ကျောခိုင်းထွက်ခွာခြင်းမပြုသင့်ဘဲ သတင်းမီဒီယာသမားများရဲ့ အကျိုးအတွက် အတူတကွ ညီညီညွတ်ညွတ် ရင်ဆိုင်ဖြေရှင်းပေးရမယ့်အချိန်ဖြစ်ပါတယ်။ လွတ်လပ်ပြီး အမှီအခိုကင်းကင်း၊ အနှောင်အဖွဲ့ကင်းကင်း၊ အရောင်အသွေးကင်းကင်းနဲ့ သတင်းမီဒီယာလောကကြီးအကျိုးကို ဆောင်ရွက်ပေးရမယ့်အချိန် ဖြစ်ပါတယ်။ ပုထုဇဉ်လူသားများပီပီ ယုံကြည်ချက်၊ ရပ်တည်ချက်တွေ ကွဲပြားမှုရှိနိုင်ပေမယ့် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် အချိန်ကာလအထိ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော့်အနေနဲ့ပြောရရင် ဆရာကြီး ဇဝနရဲ့ **“သတင်းစာတွေဟာ သမိုင်းကို မှတ်တမ်းတင်နေကြရုံသာမကဘဲ အနာဂတ်ကိုပါ ဖန်တီးနေကြတယ်”** ဆိုတဲ့စကားလိုပဲ သတင်းမီဒီယာ ကောင်စီဝင်တွေဟာ ခေတ်သမိုင်းတစ်ခုကို ဆောင်ရွက်ပေးနေရုံသာမက သတင်းမီဒီယာလောကရဲ့ အနာဂတ်ကိုပါ ဖန်တီးပေးနေသူတွေဖြစ်တဲ့အတွက် အလွန်အရေးပါသူတွေ ဖြစ်တယ်လို့ ခံစားမိပါတယ်။ မိမိရဲ့ စိတ်ဆန္ဒတစ်ခုတည်းကို ဦးစားမပေးဘဲ သတင်းမီဒီယာလောကတစ်ခုလုံးကို ငဲ့ကွက်ထည့်တွက်ပြီး ပြန်လည်စဉ်းစားဆင်ခြင်ကြဖို့ ဖြစ်ပါတယ်။ သတိနဲ့အသိကိုရှေးရှုပြီး ပြန်လည်ပူးပေါင်းပါဝင်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါမှသာ ကျွန်တော်တို့အားလုံး မျှော်လင့်နေတဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံရဲ့ ဝိသေသလက္ခဏာတစ်ရပ်ကို ပိုမိုထုတ်ဖော်ပြသနိုင်မှာ ဖြစ်ပါတယ်။

**‘အားလုံးသိကြပြီးတဲ့အတိုင်း မကြာသေးခင်ရက်ပိုင်းက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အချို့က နုတ်ထွက်ကြမယ်ဆိုတဲ့သတင်း ပျံ့နှံ့လာခဲ့ပါတယ်။ တစ်ဦးတစ်ယောက် နုတ်ထွက်ကြတာမဟုတ်ဘဲ အစုအဖွဲ့လိုက် နုတ်ထွက်ဖို့ဆောင်ရွက်ကြတဲ့အတွက် နိုင်ငံသားတစ်ဦးအနေနဲ့ စိတ်မကောင်းဖြစ်ရပါတယ်။ အသိဉာဏ်ပညာ အထိုက်အလျောက်ရှိကြသူများဖြစ်တဲ့အပြင် အမှန်နဲ့ အမှား၊ အကျိုးနဲ့ အပြစ်ကို ခွဲခြားနိုင်ကြသူများဖြစ်တဲ့အတွက်လည်း ပြောစရာစကားမရှိအောင် ဆွံ့အမိပါတယ်။ မီဒီယာသမားတွေဟာ ယနေ့ဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်တွေအပေါ် ပြည်သူကို မှန်မှန်ကန်ကန် သတင်းအချက်အလက်တွေပေးဖို့လိုသလို ကျင့်ဝတ်စည်းကမ်းတွေ လိုက်နာဖို့အတွက်လည်း ထိန်းသိမ်းဆောင်ရွက်ပေးဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်’**

# သာစည်မြို့နယ်တွင် ငွေကျပ် ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သာစည်မြို့နယ်တွင် ငွေကျပ် ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် သတင်းအရ ခင်မောင်ထွန်း (ခ) သိန်းဝင်း(၅၁)နှစ် မောင်းနှင်လာသည့် NISSAN DIESEL ခြောက်ဘီး မော်တော်ယာဉ်နှင့် ရှေ့ပြေးယာဉ်အဖြစ် ကျော်ဇေယျ(၃၇)နှစ် မောင်းနှင်လာသည့် LAND CRUISER မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ ခြောက်ဘီးမော်တော်ယာဉ်ပေါ်မှ ငွေကျပ် ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၇၃၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျော်ဇေယျ တည်းခိုနေထိုင်သည့် မိတ္ထီလာမြို့ ကျွဲတလင်းကျေးရွာရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြားနှင့် မော်တော်ယာဉ်တစ်စီးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို အိုက်စိုင်း(ခ)စိုင်းနောင့် (၃၂)နှစ်က ရှမ်းပြည်နယ်တောင်ပိုင်းမှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ ရဲပြန်ကြား



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ဝါရာဇွပ်ကျေးရွာအုပ်စု ရွာဒူဇွပ်ကျေးရွာအနီးတွင် နေလင်းဦး မောင်းနှင်ပြီး ကျော်လင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၄၅ မိနစ်တွင်



ဝင်းဇော်(ခ)မောင်ပုနှင့် ဆန်းဝင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စံပြကျေးရွာနေ သန်းကြည်ထံမှ ဘိန်းဖြူ သုည ဒသမ ၀၅၄ ကီလိုအားလည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီခွဲခန့်တွင် ရွာဒူဇွပ်ကျေးရွာနေ ဝင်းဇော် (ခ) မောင်ပုထံမှ ဘိန်းဖြူ သုည ဒသမ ၁၂၆ ကီလိုနှင့် ငွေကျပ် ၄၃၀၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ညနေ ၆ နာရီတွင် စံပြကျေးရွာနေ ဆန်းဝင်းထံမှ ဘိန်းဖြူ ၃ ဒသမ ၇၇၁ ကီလိုနှင့် ငွေကျပ် ၁၅၀၀၀၀၀ တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့နယ် အကြဲကျေးရွာအနီး မြစ်ကြီးနား-နမ္မတီးသွားကားလမ်းတွင် ဇော်ဦး မောင်းနှင်ပြီး ညိုဆန်း (ခ) နေဆန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၅၅ ကီလို သိမ်းဆည်းရမိခဲ့သည်။ အလားတူ ညနေ ၅နာရီခွဲတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် စိမ်းမြရောပန်းခြံအတွင်း၌ မသင်္ကာဖွယ်တွေ့ရှိသူ ကျော်စွာလင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀ ကိုလည်းကောင်း၊ ထို့အတူ ထိုနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် နတ်စင်လမ်းသွယ် အမှတ်(ကမလ-၂၄)နေ သာဟန်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၊ Ecstasy ဆေးပြား ၇၅၀၊ ကတ်တမင်း ၀ ဒသမ ၀၂ ကီလို၊ အိုက်စ် ၀ ဒသမ ၀၁၈ ကီလိုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## ရန်ကုန်မြို့မှ မြိတ်မြို့သွားကားလမ်း၌ ကုန်တင်ယာဉ်တစ်စီး ချောက်အတွင်းပြုတ်ကျ ယာဉ်မောင်းသေဆုံး

**မြိတ် ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကျောက်ဖျာကျေးရွာ ခရုရပ်အနီး ဂတ်တောင်အဆင်းကွေ့အရောက်တွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁နာရီက ရန်ကုန်မြို့မှမြိတ်မြို့သို့ ကြက်စာအိတ်များတင်ဆောင်လာသည့် ၂၂ ဘီးကုန်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ချောက်အတွင်းသို့ ပြုတ်ကျတိမ်းမှောက်မှုဖြစ်ပွား၍ ယာဉ်မောင်းတစ်ဦး သေဆုံးသွားကြောင်း မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ မြိတ်မြို့သို့ ကြက်စာအိတ်များတင်ဆောင်၍ ယာဉ်မောင်း ဦးဇော်ဇော်လတ် (၄၇ နှစ်) မင်္ဂလာဒုံမြို့နယ် ကုန်တလပေါင်ကျေးရွာနေသူ မောင်းနှင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ ခရုရပ်အနီး ဂတ်တောင်အဆင်းကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးချောက်အတွင်းသို့ ပြုတ်ကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း ဦးဆောင်၍ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချောက်အတွင်းသို့ ပြုတ်ကျတိမ်းမှောက်မှုကြောင့် ကုန်တင်ယာဉ်မောင်းဖြစ်သူမှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ၎င်းအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ဖျာပုံမြို့မဈေး မီးလောင်မှုတွင် ဈေးဆိုင်ခန်း ၂၁၃ ခန်း မီးလောင်ဆုံးရှုံး

**ဖျာပုံ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၂)ရပ်ကွက် ပထမလမ်းရှိ မြို့မ နှစ်ထပ်ဈေးကြီးတွင် ယမန်နေ့ ညနေ ၃ နာရီကျော်ခန့်က မြို့မနှစ်ထပ်ဈေးကြီး အပေါ်ထပ်အရှေ့ယာဘက်ထောင့် အတွင်းဘက်ရှိ ဆိုင်ခန်း စိစစ်ဆဲမှ ဈေးပိတ်သိမ်းပြီးနောက်ပိုင်း မီးစတင် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ (ယာပုံ)

အဆိုပါမီးလောင်ရာသို့ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမြင့်ဇော်နှင့် တာဝန်ရှိသူများ၊ ဖျာပုံခရိုင် သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်၊ မအူပင်မြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များရှိ မီးသတ်ဦးစီးဌာနတို့မှ သန္နမီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ် သုံးစီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး စသည်တို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် လုံးဝမီးငြိမ်းနိုင်ခဲ့သည်။

မြို့မဈေးကြီးကို လွန်ခဲ့သော နှစ် ၃၀ ခန့်က ဆောက်လုပ်ခဲ့ပြီး အာစီတိုင်၊ ကွန်ကရစ်ခင်း/ အပေါ်ထပ် ပျဉ်ခင်း၊ သွပ်မိုး၊ အလျား ပေ ၁၈၀၊ အနံ ပေ ၁၂၀ ရှိကာ မီးလောင်ရခြင်းမှာ ဈေးဆိုင်ခန်းများ ပတ်လမ်း မျက်နှာကြက်တွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ အပေါ်ထပ် (B)ရှိ မျက်နှာကြက်အား မီးစတင်လောင်ကျွမ်းခဲ့ပြီး အလျား ပေ ၁၈၀၊ အနံ ပေ ၁၂၀၊ အမြင့် ၂၅ ပေရှိ နှစ်ထပ်ဈေးကြီးအတွင်း အပေါ်ထပ် (B)ရှိ ဈေးဆိုင်ခန်း ၁၂၂ ခန်း၊ အောက်ထပ် (A)ရှိ ဈေးဆိုင်ခန်း ၉၁ ခန်း စုစုပေါင်း ၂၁၃ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့် ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ဖျာပုံမြို့မရဲစခန်းမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)



# ဂျပန်နိုင်ငံတွင် ကပ်ရောဂါကြောင့် ကောလိပ်မှ ထွက်ခွာသွားသူ ထောင်နှင့်ချီ၍ ရှိ

တိုကျို ဖေဖော်ဝါရီ ၂၁

**လွန်ခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ကောလိပ်ကျောင်းသား ၅၈၀၀ မှာ ကျောင်းမှ ထွက်သွားခြင်း သို့မဟုတ် ကျောင်းနားခြင်းများ ပြုလုပ်ခဲ့ကြသည်ဟု ဂျပန်အစိုးရက တွေ့ရှိခဲ့သည်။ ဂျပန်နိုင်ငံတစ်လွှားရှိ လေးနှစ်တက်ရသော တက္ကသိုလ်များနှင့် ကောလိပ်များ၊ နည်းပညာကောလိပ်များကို ပညာရေးဝန်ကြီးဌာနက စစ်တမ်းကောက်ယူကြည့်ရာတွင် ယခုလိုတွေ့ရှိခဲ့ရခြင်းဖြစ်သည်။**

ယင်းသို့ စစ်တမ်းကောက်ယူကြည့်ရာတွင် ကျောင်းပေါင်း ၁၀၀၉ ကျောင်းကိုလေ့လာကြည့်ရာ ၉၅ ရာခိုင်နှုန်းမှာ ပြန်လည်ဖြေကြားခဲ့ကြသည်။ ဂျပန်နိုင်ငံရှိ ကျောင်းသားများ ကျောင်းထွက်ရသည့် အဓိကအကြောင်းအရာမှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့်ပင် ဖြစ်သည်။ စစ်တမ်းကောက်ယူကြည့်မှုအရ ကျောင်းထွက်သွားသူ အရေအတွက် မှာ ၁၃၆၇ ဦးရှိပြီး ကပ်ရောဂါကြောင့် ကျောင်းနားသွားသော ကျောင်းသားအရေအတွက်မှာ ၄၄၃၄ ဦးရှိသည်ဟု သိရသည်။ ရှစ်လတာအတွင်း ကျောင်းထွက်သွားသည့် ကျောင်းသားဦးရေမှာ ၂၈၆၄၇ ဦးရှိသည်။

ယခု ကျောင်းထွက်သွားသည့် အရေအတွက်မှာ ပြီးခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ကျောင်းနားသွားသည့် ဦးရေမှာ ၆၅၆၇၀ ရှိပြီး ယင်း အရေအတွက်မှာ ပြီးခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၀ ခိုင်နှုန်း လျော့နည်းလာသည်ဟု သိရသည်။ ကပ်ရောဂါကာလအတွင်း ထောက်ပံ့ရေး ယန္တရားများကြောင့် အရေအတွက် ကျဆင်းရခြင်း ဖြစ်ကြောင်း ဝန်ကြီးဌာန အရာရှိများက ပြောသည်။

၉၉ ရာခိုင်နှုန်းသော ကျောင်းများမှာ ဒုတိယ နှစ်ဝက် ကာလအတွက် ကျူရှင်ခပေးရမည့်အချိန်ကို ရက်ရွှေ့ပေးခဲ့သည်။ ၇၅ ရာခိုင်နှုန်းသော ကျောင်းများမှာ ဘဏ္ဍာရေးအခက်အခဲရှိသည့် ကျောင်းသားများကို ကျူရှင်ခကင်းလွတ်ခွင့်ပေးခဲ့သည်။ ဝင်ငွေ နိမ့်သည့် မိသားစုများအတွက် ပညာသင်စရိတ် ထောက်ပံ့မှုကိုလည်း အစိုးရက လုပ်ဆောင်ပေး ခဲ့သည်။

အင်န်အိတ်ချ်ကေ



# မလေးရှားနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁**

မလေးရှားနိုင်ငံသို့ ဖေဖော်ဝါရီ ၂၁ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံးအကြိမ် ရောက်ရှိခဲ့ပြီး ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်တော့မည်ဖြစ်သည်။ အမေရိကန် ဆေးဝါးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာနှင့် ဂျာမနီမိတ်ဖက်ဆေးဝါး ကုမ္ပဏီတို့ ပူးတွဲထုတ်လုပ်သည့် ဖိုက်ဇာကာကွယ်ဆေး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်မည်ဟု သိပ္ပံ၊ နည်းပညာဝန်ကြီး ခိုင်ရီ ဂျမာ လူဒင်က ပြောသည်။



မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

မလေးရှားဝန်ကြီးချုပ် မူယာဒင်ယာဆင်းကို ပထမဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၇ ရက်တွင် တရုတ်နိုင်ငံ ဆီနိုဗက်ဆေးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ မလေးရှားနိုင်ငံသို့ ရောက်ရှိရန်ရှိသည်။

အခြားသော ကာကွယ်ဆေးများလည်း ဆက်လက်ရရှိဖွယ်ရှိသည်။ ကာကွယ်ဆေးထိုးနှံရမည့် အုပ်စုကို သုံးစုခွဲထားပြီး ပထမဦးစွာ ရှေ့တန်းမှ အလုပ်လုပ်ကိုင်နေကြသူများကို ထိုးပေးမည်ဖြစ်သည်။

ယင်းနောက် ကူးစက်နိုင်ခြေမြင့်သည့် အုပ်စုကို ထိုးပေးမည်ဖြစ်ပြီး ယင်းနောက်တွင် အသက် ၁၈ နှစ်နှင့် အထက်အုပ်စုကို ကာကွယ်ဆေးထိုးပေးမည် ဖြစ်သည်။ မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၀ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၉၃၆ ဦး တွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူပေါင်း ၂၇၇၈၁၁ ဦးရှိလာကာ သေဆုံးသူစုစုပေါင်းမှာ ၁၀၄၃ ဦး ရှိသည်ဟု သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၉၉၁၆၅၁ ဦးအထိ ရှိလာ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၁**

အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီ ၂၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၂၆၄ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၀၉၉၁၆၅၁ ဦးအထိ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သောအချက်အလက်များအရ သိရသည်။ ဖေဖော်ဝါရီ ၂၀ ရက် က တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူစုစုပေါင်း ၁၅၆၃၀၂ ဦးရှိသည်။

တိုင်းပြည်အတွင်း လက်ရှိကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသူ ၁၄၅၆၃၄ ဦး ရှိပြီး ဆေးရုံမှဆင်းသွားသူ အရေအတွက်မှာ ၁၀၆၈၉၇၁၅ ဦးရှိသည်။ အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ဆေးစစ်ပေးမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းပြည်တစ်ဝန်း ဆေးစစ်ပေးမှုပေါင်း ၂၁၁ သန်း လုပ်ဆောင်ပေးပြီးပြီဟု သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက် တစ်ရက်တည်းတွင်ပင် ဆေးစစ်ပေးမှုပေါင်း ၆၇၀၀၅၀ ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံတွင် ဒေလီမြို့သည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးမြို့ဖြစ်ပြီး ဖေဖော်ဝါရီ ၂၀ ရက်က ကူးစက်ခံရသူ ၁၅၂ ဦး တွေ့ရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုစတင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူသည့် ဩစတြေးလျနိုင်ငံသားများထဲမှ တစ်ဦးဖြစ်လာသည်။ မော်ရစ်ဆင်သည် ဖေဖော်ဝါရီ ၂၁ ရက်က ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။

အသက် ၈၄ နှစ်အရွယ် ဒုတိယကမ္ဘာစစ်အတွင်း အသက်ရှင်ကျန်ရစ်သူ ဂျိန်းမယ်လစယက်သည် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံးထိုးနှံမှုခံယူရသည့် ဩစတြေးလျနိုင်ငံသားဖြစ်လာခဲ့သည်။

ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးတွင် ယုံကြည်မှုရှိစေရန်အတွက် နိုင်ငံရေးခေါင်းဆောင်များကို ဦးစွာ ကာကွယ်ဆေးထိုးပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဖေဖော်ဝါရီ ၂၁ ရက်အစောပိုင်းတွင် ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ပြောခဲ့သည်။ အတိုက်အခံလေဘာပါတီမှ အန်တိုနီ အယ်လ်ဘနီးစ်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူမည် ဖြစ်သည်။ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ပြည်သူများထဲတွင် စိုးရိမ်ပူပန်မှုများ ရှိနေဆဲဖြစ်သည်။ လျင်လျင်မြန်မြန် ကာကွယ် ဆေးထိုးနှံမှုခံယူရန် အဆင်ပြေပါ့မလားဟု စိုးရိမ်နေကြသည်။ ဩစတြေးလျနိုင်ငံသားများအနေ ဖြင့် ကိုဗစ်-၁၉ ကာကွယ် ဆေးကို မည်သည့်အသုတ်တွင် ထိုးနှံမှုခံယူရမည်ကို စစ်ဆေးကြည့်ရှုနိုင်သည်။

ဆင်ဟွာ




ဩစတြေးလျဝန်ကြီးချုပ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူနေစဉ်။

# ပါလက်စတိုင်းလုပ်သားများကိုပါ ကာကွယ်ဆေးထိုးပေးမည်ဟု အစ္စရေးသဘောတူထား

**နှင်းမိုးအိမ်**

**အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်းရှိ ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသော်လည်း ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေအတွင်းမှ ပါလက်စတိုင်းတို့ကို ကာကွယ်ဆေးထိုးပေးခြင်းမရှိသည့်အတွက် လူ့အခွင့်အရေးအုပ်စုများ၏ ဝေဖန်မှုနှင့် ရင်ဆိုင်ရသည်။**



ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသည့် ပါလက်စတိုင်းကျောင်းသူများကို တွေ့ရစဉ်။

### ပါလက်စတိုင်းတို့ကို ကာကွယ်ဆေးထိုးပေးမည်

ယခုအခါတွင်မူ အစ္စရေးနိုင်ငံအတွင်း အသွားအပြန်လုပ်ကာ အလုပ်လုပ်ကိုင်နေကြသူ ပါလက်စတိုင်း၁၀၀၀၀၀ ကို ကာကွယ်ဆေးထိုးနှံပေးမည်ဟု ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဂါဇာကမ်းမြောင်ဒေသမှ အာဏာပိုင်များသည် ဆင်းရဲသည့် နိုင်ငံများကို အပြည်ပြည်ဆိုင်ရာမှ ထောက်ပံ့ပေးသည့် ကာကွယ်ဆေး ဖြန့်ဝေမှုအပေါ်တွင် မှီခိုအားထားနေရသည်။

### ကာကွယ်ဆေးထိုးပေးနိုင်ရေး ဆောင်ရွက်နေ

ယခုအချိန်အထိ ပါလက်စတိုင်းအာဏာပိုင်များသည် ရုရှားနိုင်ငံထုတ် Sputnik ကာကွယ်ဆေး ၁၀၀၀၀ ကို လက်ခံရမည်ဖြစ်ရာ ယခုအချိန်အထိ ဆေးအရေအတွက် ၂၀၀၀ လက်ခံရရှိပြီးဖြစ်သည်။ အစ္စရေးနိုင်ငံသည် ဖေဖော်ဝါရီလအစောပိုင်းက ကျန်းမာရေးလုပ်သားများကို ထိုးနှံပေးနိုင်ရေး ကာကွယ်ဆေး ၅၀၀၀ ကို ပေးပို့ခဲ့သည်။ ပါလက်စတိုင်းတို့၏ အစီအစဉ်အရ လုပ်သားပေါင်း ၁၀၀၀၀၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ရေး ဆောင်ရွက်နေသည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီး မိုင်အယ်ခါ လီယာက ပြောသည်။

### သဘောတူညီမှုရရှိခဲ့

အစ္စရေးဘက်မှ ကာကွယ်ဆေး ထိုးပေးမည့် အစီအစဉ်ကို ကြိုဆိုကြောင်း အယ်ခါလီယာက ပြောသည်။ နေရာအနှံ့ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်နိုင်ရေးအတွက် ပြည်သူများကို ကာကွယ်ဆေးထိုး ပေးရန်လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ရမ်မလာမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်က အစ္စရေးနှင့် ပါလက်စတိုင်း ရှားရှားပါးပါးဆွေးနွေးပွဲအပြီးတွင် ယခုလို သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

### မှီခိုအားထားနေရ

အစ္စရေးနှင့် ပါလက်စတိုင်းတို့ဘက်မှ အဆင့်မြင့် ကျန်းမာရေးအရာရှိကြီးများသည် နယ်မြေအတွင်း ကိုဗစ်-၁၉ ကင်းစင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ အစ္စရေးကျန်းမာရေးဝန်ကြီးဌာနကမူ ကာကွယ်ဆေးထောက်ပံ့ပေးမှုကို တရားဝင်ကြေညာခဲ့ခြင်း မရှိပေ။ သို့သော်လည်း ယခင်သီတင်းပတ်အတွင်းကတည်းက ကာကွယ်ဆေးထောက်ပံ့ပေးမည့်အစီအစဉ်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ အစ္စရေးနိုင်ငံအတွင်း ဆောက်လုပ်ရေး၊ ဝန်ဆောင်မှုနှင့် အခြားသောအလုပ်အကိုင်များ လာရောက်လုပ်ကိုင်နေကြသည့် ပါလက်စတိုင်းများကို ကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်ဖြစ်သည်။ အစ္စရေးနိုင်ငံသည် နိုင်ငံ၏ ၄၀ ရာခိုင်နှုန်းသော လူဦးရေကို ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ဖိုက်ဇာကုမ္ပဏီ ထုတ်ဆေးကို မှီခိုအားထားနေရသည်။

### ဝေဖန်မှုနှင့်ကြုံတွေ့နေရ

ဇန်နဝါရီလအတွင်းကလည်း မော်ဒါနာ ကာကွယ်ဆေးပေါင်း ၁၂၀၀၀၀ အစ္စရေးနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ပါလက်စတိုင်းပြည်သူများကို မည်သည့်ကာကွယ်ဆေးထိုးပေးမည်ကို မသိရသေးသကဲ့သို့ မည်ကဲ့သို့ မြန်မြန်ဆန်ဆန် ထိုးပေးနိုင်မည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်ကို သိထားသော်လည်း အသေးစိတ်သိရှိထားခြင်း မရှိကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။ အစ္စရေး အစိုးရသည် ပါလက်စတိုင်းပြည်သူများကို ကာကွယ်ဆေးထိုးပေးရန် တွန့်ဆုတ်နေသည့်အတွက် လူ့အခွင့်အရေး အုပ်စုများ၏ ဝေဖန်မှုနှင့် ကြုံတွေ့ရသည်။

### ဝေဖန်မှုများ ပိုမိုပြင်းထန်လာ

အစ္စရေးနိုင်ငံသားများကို အစုလိုက် လျှင်လျှင်မြန်မြန် ကာကွယ်ဆေး ထိုးနှံပေးမှုလုပ်ငန်းများ လုပ်ကိုင်နေသော်လည်း ပါလက်စတိုင်းများကိုမူ လျစ်လျူရှုထားသည့်အတွက် ဝေဖန်ခံနေရခြင်းဖြစ်သည်။ အစ္စရေးကျန်းမာရေးဝန်ကြီး အပါအဝင် အချို့သောအရာရှိများသည် ပါလက်စတိုင်းတို့ကို အကူအညီပေးကြရန် စိတ်ဆန္ဒရှိကြသည်ဟု ဖော်ပြကြသည်။ အစ္စရေးတို့ ထိန်းချုပ်ထားရာ နေရာမှလူများကို ကာကွယ်ဆေးထိုးပေးရန်မှာ အစ္စရေးတို့တွင် တာဝန်ရှိသည်ဟု လူ့အခွင့်အရေး အုပ်စုများက ပြောသည်။ ဂါဇာကမ်းမြောင်ဒေသသို့ ရောက်ရှိလာမည့် ရုရှားမှ လှူဒါန်းလိုက်သော ကာကွယ်ဆေးများကို စစ်ဆေးရေးဂိတ်တွင် အစ္စရေးတို့ကြားဝင်မှုကြောင့် နောက်ဆုတ်သွားရသည်ဟူသည့် စွပ်စွဲချက်နှင့်အတူ ဝေဖန်မှုများမှာ ပိုမိုပြင်းထန်လာသည်။

### တူညီသောဒေသတွင် နေထိုင်ကြသူများဖြစ်

စစ်ဆေးရေးဂိတ်များမှတစ်ဆင့် ကာကွယ်ဆေးများကိုဖြတ်သန်းပေးပို့ရန်အတွက် အချိန်ယူကာ သုံးသပ်မှုများ လုပ်ဆောင်ရမည်ဟု အစ္စရေးအရာရှိများက ပြောသည်။ ကာကွယ်ဆေးများကို နှစ်ရက်နောက်ကျပြီးမှ ဂါဇာသို့ ရောက်ရှိရန် ခွင့်ပြုချက်ရခဲ့သည်။ ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးကမူ ကျန်းမာရေးကိစ္စမှာ နိုင်ငံရေးနှင့် မသက်ဆိုင်ကြောင်းနှင့် ပါလက်စတိုင်း၊ အစ္စရေး၊ လက်ဘနွန်၊ ဆီးရီးယားနှင့် အီဂျစ်တို့မှာ တူညီသောဒေသ တွင် နေထိုင်ကြသူများဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

### ဖျားနာမှု ၉၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်း

အစ္စရေးနိုင်ငံတွင် ဖိုက်ဇာကာကွယ်ဆေးကို နှစ်ကြိမ် တိုင်တိုင် ထိုးပြီးသူများထဲတွင် ဖျားနာမှု ၉၅ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းသည်ဟု အစ္စရေး ကျန်းမာရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ ယင်းကာကွယ်ဆေးသည် အသက်ရှူလမ်းကြောင်း ပြဿနာများနှင့် ဖျားနာခြင်းတို့မှ ၉၈ ရာခိုင်နှုန်း ကာကွယ်ပေးသည်။ ထို့ပြင် ဆေးရုံတက်ရခြင်းနှင့် သေဆုံး မှုတို့မှလည်း ၉၈ ဒသမ ၉ ရာခိုင်နှုန်း ကာကွယ်ပေးသည်ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၁၃ ရက် အစ္စရေးနိုင်ငံတွင် ဒုတိယအကြော့ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးနောက် ယင်းတို့ထံမှ အချက်အလက်များကို ကောက်ယူကာ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ။ ကိုးကား-ဝါရှင်တန်ပို့စ်

**"အစ္စရေးဘက်မှ ကာကွယ်ဆေးထိုးပေးမည့် အစီအစဉ် ကြိုဆိုကြောင်း အယ်ခါလီယာက ပြောသည်။ နေရာအနှံ့ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်နိုင်ရေးအတွက် ပြည်သူများကို ကာကွယ်ဆေးထိုး ပေးရန်လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ရမ်မလာမြို့ တွင် ဖေဖော်ဝါရီ ၁၉ ရက်က အစ္စရေးနှင့်ပါလက်စတိုင်း ရှားရှားပါးပါး ဆွေးနွေးပွဲအပြီးတွင် ယခုလို သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်"**

## နိုင်ငံတကာသတင်းတိုထွာ

### ဆွေးနွေးပွဲမစတင်မီ အမေရိကန်ဘက်မှ ပိတ်ဆို့ထားမှုများအားလုံးကို ဖယ်ရှားသင့်သည်ဟု အီရန်ပြော

**တီဟီရန် ဖေဖော်ဝါရီ ၂၁**

အီရန်နျူကလီးယား သဘောတူညီမှုအတွက် ဖြစ်နိုင်သည့် ဆွေးနွေးမှုများ မစတင်မီ အမေရိကန်ဘက်မှ အီရန်အပေါ် ပိတ်ဆို့ထားမှုများအားလုံးကို ဖယ်ရှားသင့်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအက်ဖ်က ပြောသည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်က ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးသင့်သည်ဟု အီရန် နိုင်ငံခြားရေးဝန်ကြီးက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။ အီရန်နိုင်ငံ၏ နျူကလီးယားကန့်သတ်မှုအတွက်ပြုလုပ်ထားသည့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီမှုတွင် အမေရိကန်ပြန်လည် ပါဝင်နိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်ရန်အသင့်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကင်က ပြောကြားခဲ့ပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီးက ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၈ ရက်က ပြုလုပ်ခဲ့သည့် ဗီဒီယိုကွန်ဖရင့်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများထံ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥရောပသုံးနိုင်ငံသည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုတွင် ပါဝင်ခဲ့ကြသည့်နိုင်ငံများလည်း ဖြစ်သည်။ အီရန်နိုင်ငံသည် အမေရိကန်၏ ပိတ်ဆို့ထားမှုများ ပြန်လည်တုံ့ပြန်ရန်အတွက် ယူရေနီယံ သန့်စင်မှုများကို တိုး၍လုပ်ဆောင်ခဲ့သည်။

အမေရိကန်သည်အီရန်နျူကလီးယားသဘောတူညီမှုမှ တစ်ဖက်သတ် နုတ်ထွက်သွားပြီး ပိတ်ဆို့မှုများ ပြန်လည် ချမှတ်ခဲ့သည့်အတွက် အမေရိကန်၏ မူဝါဒကို ဦးစွာပြင်ဆင်သင့်သည်ဟု အီရန်က တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆီးရီးယားနိုင်ငံတွင် လိုအပ်လျက်ရှိ

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၁**

ဆီးရီးယားနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ၊ စီးပွားရေးကျဆင်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါတို့ကြောင့် ဆီးရီးယား နိုင်ငံတစ်လွှား အကူအညီများ လိုအပ်လျက်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးရုံးက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။ တိုင်းပြည်တစ်ဝန်း ကျန်းမာရေး၊ သောက်သုံးရေနှင့် မိလ္လာစနစ်တို့တွင် ယိုယွင်းလျက်ရှိသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ပြည်သူပေါင်း ၁၃ ဒသမ ၄ သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အကာအကွယ်များ လိုအပ်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် လူဦးရေနှစ်သန်း တိုးလာခြင်းဖြစ်သည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးရုံးက သတင်းထုတ်ပြန်သည်။ အလိုအပ်ဆုံး အကူအညီမှာ စားနပ်ရိက္ခာဖူလုံမှု မရှိခြင်းပင်ဖြစ်သည်။ တိုင်းပြည်၏ ၁၂ ဒသမ ၄ သန်းသော ပြည်သူများ ရာခိုင်နှုန်းအားဖြင့် ၆၀ ရာခိုင်နှုန်းသော ပြည်သူများမှာ ယခုအခါတွင် စားနပ်ရိက္ခာဖူလုံမှု မရှိခြင်း ပြဿနာနှင့် ရင်ဆိုင်နေရသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ပြောသည်။ တစ်နှစ်အတွင်း နောက်ထပ်ဆီးရီးယားနိုင်ငံသား ၄ ဒသမ ၅ သန်းမှာ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းပြဿနာနှင့် ရင်ဆိုင်လာရဖွယ်ရှိသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ပြောသည်။

ဆီးရီးယားနိုင်ငံသား ၂ ရာခိုင်နှုန်းမှာ အလွန်အမင်း ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်နေရသည်။ ၂၀၂၀ ပြည့်နှစ်တွင် လစဉ်လတိုင်း အကူအညီပေးနေရသည့် လူများမှာ ၇ ဒသမ ၆ သန်းရှိပြီး ၂၀၁၉ ခုနှစ် နှိုင်းယှဉ်လျှင် ၁ ဒသမ ၉ သန်း ပိုမိုများပြားလာခြင်းဖြစ်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ၂၁-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၇၀၈၃၉၅ | ၁၈၈၉၉၃၉၈ | ၅၀၉၉၁၆ |
| ၂။ | အိန္ဒိယ | ၁၀၉၉၆၆၃၆ | ၁၀၆၉၃၂၆၅ | ၁၅၆၃၆၅ |
| ၃။ | ဘရာဇီး | ၁၀၁၃၉၁၄၈ | ၉၀၆၇၉၃၉ | ၂၄၆၀၀၆ |
| ၄။ | ရုရှား | ၄၁၆၄၇၂၆ | ၃၇၁၃၄၄၅ | ၈၃၂၉၃ |
| ၅။ | ဗြိတိန် | ၄၁၀၅၆၇၅ | ၂၃၃၁၀၀၁ | ၁၂၀၃၆၅ |
| ၆။ | ပြင်သစ် | ၃၅၈၃၁၃၅ | ၂၄၇၁၂၇ | ၈၄၁၄၇ |
| ၇။ | စပိန် | ၃၁၃၃၁၂၂ | ၂၄၉၇၉၅၆ | ၆၇၁၀၁ |
| ၈။ | အီတလီ | ၂၇၉၅၇၉၆ | ၂၃၁၅၆၈၇ | ၉၅၄၈၆ |
| ၉။ | တူရကီ | ၂၆၃၁၈၇၆ | ၂၅၁၈၇၅၈ | ၂၇၉၈၃ |
| ၁၀။ | ဂျာမနီ | ၂၃၉၀၀၉၀ | ၂၁၉၀၆၀၀ | ၆၈၃၆၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၇၈၆၅၃ | ၁၀၈၇၀၇၆ | ၃၄၄၈၉ |
| ဖိလစ်ပိုင် | ၅၆၁၁၆၉ | ၅၂၂၈၄၃ | ၁၂၀၈၈ |
| မလေးရှား | ၂၈၃၅၆၉ | ၂၄၉၂၀၉ | ၁၀၅၆ |
| မြန်မာ | ၁၄၁၇၅၀ | ၁၃၁၂၈၂ | ၃၁၉၆ |
| စင်ကာပူ | ၅၉၈၆၉ | ၅၉၇၃၁ | ၂၉ |
| ထိုင်း | ၂၅၄၁၅ | ၂၄၂၈၅ | ၈၃ |
| ဗီယက်နမ် | ၂၃၈၃ | ၁၇၀၂ | ၃၅ |
| ကမ္ဘောဒီးယား | ၅၃၃ | ၄၇၃ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |

## အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၊ ကျောက်ကြီးမြို့၊ သံဘိုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အခြေခံပညာမူလတန်းကျောင်း၊ မုံးမြို့ အမှတ်(၄) ရပ်ကွက်နှင့် ရှမ်းပိုင်းတို့ရှိ အခြေခံပညာအလယ်တန်းကျောင်း၊ တုံတောကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲတို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။




COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။

# လွတ်လပ်ပြီး အမှီအခိုကင်းသည့် အဖွဲ့အစည်းဝင်များအဖြစ် ဆက်လက်မြင်တွေ့လိုပါသည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေအရ ဒီမိုကရေစီနည်းကျကျ ဖွဲ့စည်းထားသော လွတ်လပ်ပြီး အမှီအခိုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့၏ လွှမ်းမိုးခြင်း၊ ဩဇာခံခြင်း ပြုလုပ်သွားမည် မဟုတ်ဘဲ သတင်းမီဒီယာ ဥပဒေပါအတိုင်း အပ်နှင်းထားသည့် လုပ်ငန်း တာဝန်များကို လွတ်လပ်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်(၂/၂၀၂၁) ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်က ပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေအရ စာနယ်ဇင်းအဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဥပဒေပညာရှင် စသည့်အဖွဲ့အစည်းအသီးသီးမှ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြင့် ဒီမိုကရေစီနည်းကျကျ ဖွဲ့စည်းထားသည့် လွတ်လပ်ပြီး အမှီအခိုကင်းသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေပုဒ်မ (၁၂) အရ စာနယ်ဇင်းသမားများနှင့်ပတ်သက်ပြီး လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

### ရည်ရွယ်ချက်များ

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေအခန်း(၂)၊ ရည်ရွယ်ချက်များဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများဖြစ်ပေါ်စေရန်၊ သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊ နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ယင်းသဘောထားထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် အစိုးရ၏ လက်ကိုင်တုတ် အဖွဲ့အစည်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး၊ စာနယ်ဇင်းသမားတွေ၏ အကျိုးကို စိတ်စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ပေးသည့် အဖြူရောင်အဖွဲ့အစည်းတစ်ခုဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပါသည်။

သို့ရာတွင် ယခုရက်ပိုင်းအတွင်း သတင်းမီဒီယာကောင်စီဝင် အချို့နုတ်ထွက်ကြသည်ကို ကြားသိရသည့်အတွက် ၎င်းတို့၏ သတင်းမီဒီယာသမားတစ်ဦး လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်နှင့် ပြည်သူ့အတွက်၊ စတုတ္ထမဏ္ဍိုင်အတွက် ယခုကဲ့သို့ ခေတ်ကာလတွင် သတင်းမီဒီယာဥပဒေပုဒ်မ (၁၂) အရ စာနယ်ဇင်းသမားများနှင့်ပတ်သက်ပြီး လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များ ဖြစ်ခဲ့သည်ဆိုသည်ကို ယုံကြည်ရန် ခက်ခဲသွားမည်လားမသိတော့ပေ။

### ဆန်းစစ်လေ့လာကြည့်ရန်လို

ယခုလိုအချိန်အခါတွင် မှန်ကန်တိကျပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းကင်းဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာ လောကသားများ၏ အရေးနှင့် ပြည်သူများအတွက် ကျင့်ဝတ်သိက္ခာပြည့်စုံသည့် စတုတ္ထမဏ္ဍိုင်အဖွဲ့အစည်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်ပေးရန် လိုအပ်ချိန်တွင် မိမိတို့၏ ပုဂ္ဂလိကအမြင်နှင့် အကျိုးစီးပွားတစ်ခုအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များအဖြစ်မှ နုတ်ထွက်ခဲ့ကြသူများသည် ၎င်းတို့၏ အဖွဲ့အစည်းအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပါအဝင် အဖွဲ့အစည်းစိတ်ဓာတ်တို့ကို ဆန်းစစ်လေ့လာကြည့်ရန် လိုအပ်လာပေသည်။

နိုင်ငံတကာ၌ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံများတွင် ယခုကဲ့သို့ လွတ်လပ်သောသတင်းမီဒီယာကောင်စီများ ရှိပါသည်။ ယင်းကောင်စီများတွင် ပါဝင်ကြသူများသည် ၎င်းတို့တာဝန်ကျသည့် ကာလအပိုင်းအခြားအတွင်း မည်သို့သောအခက်အခဲများကြုံတွေ့ပါစေ၊ အဖွဲ့အစည်းနှင့် အဆိုပါအဖွဲ့အစည်းအပေါ်တွင် ရပ်နေကြသော လောကသားများကို စွန့်ခွာသွားကြသည်ကို မတွေ့မြင်ရသည်မှာ ဒီမိုကရေစီစိတ်ဓာတ်ပြည့်ဝသော၊ တာဝန်ယူ၊ တာဝန်ခံမှုရှိကြသည့် အဖွဲ့သားများဟု လက်ခံရပေမည်။

### အသိသတိဖြင့်ရွေးချယ်ရန်

မိမိတို့နိုင်ငံတွင် လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအပါအဝင် အစွဲအလမ်းတစ်ခုကြောင့် မပြုလုပ်သင့်သည်ကို ပြုလုပ်နေကြသူများသည် လာမည့်ကာလတွင် ဒီမိုကရေစီနိုင်ငံသစ်အတွက် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ပြီး စာနယ်ဇင်းကျင့်ဝတ်ပြည့်ဝသည့် သတင်းမီဒီယာလောကကို ဦးဆောင်နိုင်သူများအဖြစ် ထပ်မံရွေးချယ်တာဝန်ပေးအပ်ရန် စာနယ်ဇင်းလောကသားများအနေဖြင့် အသိ၊ သတိတို့ဖြင့် ရွေးချယ်ဆောင်ရွက်သွားရန် များစွာအရေးကြီးကြောင်း ပေါ်လွင်ထင်ရှားနေပါတော့သည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်နှင့် ပြည်သူများအတွက် အရည်အချင်းပြည့်ဝပြီး ပြည်သူများကပေးအပ်သည့် အဖွဲ့အစည်း တာဝန်များကို ယခုထက်ပိုမို တာဝန်သိသော၊ တာဝန်ယူသောသူများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်စေရန် ရည်သန်၍ သတင်းမီဒီယာလောကသားတစ်ဦးအနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**ထွေးမောင် (၂၀၂၁)**

# တိမ်ကောနေသည့် ကျေးရွာသောက်သုံးရေကန်ကို ပြန်လည်တူးဖော်ပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရယူသုံးစွဲနိုင်ရေးအတွက် တိမ်ကောနေသည့် အများပြည်သူသုံးရေကန်ကို ပြန်လည်တူးဖော်ပေးသွားမည်ဟု ကျေးရွာတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးဝင်းနိုင်ထံက သိရသည်။

ပြန်လည်တူးဖော်ပေးမည့် အများသုံးသောက်သုံးရေကန်မှာ ဒလမြို့နယ် ရခိုင်ချောင်(မြောက်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ကန်ဖြစ်ပြီး **(အောက်ပုံ)** အလျား ၃၁၅ ပေ၊ အနံပေ ၂၁၀ ရှိကြောင်း သိရသည်။ အဆိုပါရေကန်ကို ရခိုင်ချောင်(မ) ကျေးရွာနေပညာရေးဝန်ထမ်းအငြိမ်းစားများ ဖြစ်ကြသော ဆရာဦးဝေလွင်နှင့် ဆရာမဒေါ်ခင်မာလွင် မိသားစုမှတာဝန်ယူလှူဒါန်းတူးဖော်ပေးမည်ဟု သိရသည်။

ရခိုင်ချောင် (မ) ကျေးရွာတွင် သောက်သုံးရေကန်ပေါင်း ခုနစ်ကန်ရှိပြီး သုံးကန်မှာ ယခုနှစ် နွေရာသီတွင် ခန်းခြောက် ခဲ့ကြောင်း၊ ခန်းခြောက်သည့်ရေကန်တစ်ကန်ကို ပြန်လည်တူးဖော်ပေးခဲ့ကြောင်း၊ ယခုပြန်လည်တူးဖော်ပေးမည့်ရေကန်ပြီးစီးပါက ခန်းခြောက်ရေကန်တစ်ကန်သာ ကျန်ရှိမည်ဖြစ်သော်လည်း ကျေးရွာအတွက် သောက်သုံးရေမှ ဖူလုံကြောင်း၊ ကျန်ရှိသည့်ခန်းခြောက်ရေကန်ကိုလည်း ကျေးလက်နေပြည်သူများ သောက်သုံးရေပိုမိုသုံးစွဲနိုင်စေရန် ပြန်လည်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**





အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်နှင့် အငူမော်၊ ခမောင်းဆိပ်ကျေးရွာသွားလမ်းများကို တပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ဒက္ခိဏခရိုင်၊ သပြေကုန်းလမ်းဆုံအနီး ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ အမျိုးသမီးတစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ထပ်မံစစ်ဆေး တွေ့ရှိချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ သပြေကုန်းလမ်းဆုံအနီး ဖေဖော်ဝါရီ ၉ ရက်က ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ အမျိုးသမီးတစ်ဦးမှာ ဦးခေါင်းသေနတ်ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားမှု၊ ဒဏ်ရာရရှိမှုအခြေအနေ စစ်ဆေးတွေ့ရှိချက်ကို ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

အဆိုပါ ဒဏ်ရာရရှိဖြစ်စဉ်နှင့်ပတ်သက်၍ ထပ်မံစစ်ဆေးတွေ့ရှိချက် အရ သေဆုံးသူ မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းတွင် တွေ့ရှိသောပစ္စည်းမှာ အလျား 1 cm၊ အနံ 0.8 cm ၊ အလေးချိန် 4.8 g ရှိသော ခဲပုပ်ရောင် သတ္တုအပိုင်းအစဖြစ်ကြောင်း သိရှိရပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ကိုင်ဆောင်အသုံးပြုနေသည့် အဓိကရုဏ်း နှိမ်နင်းရေးခဲယမ်းများ၊ ချေမှုန်းရေးခဲယမ်းများ၏ ကျည်ထိပ်ဖူးနှင့် ကွာခြားမှုရှိနေကြောင်း၊ **ဆန္ဒပြလူအုပ်ကြီးအား ရဲတပ်ဖွဲ့မှ ပစ်ခတ်လူစုခွဲရာတွင် သေဆုံးသူ မမြသွဲ့သွဲ့ခိုင်မှာ လုံခြုံရေးရဲတပ်ဖွဲ့နှင့် ဦးတည်ဖြိုခွင်းနေသည့် ဆန္ဒပြလူအုပ်စုတို့အကြား ဘယ်ဘက် ၄၅ ဒီဂရီ၊ ၁၃၇ ပေအကွာတွင် ရှိနေခဲ့ပြီး အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ဦးတည်ပစ်ခတ်နေသည့် လမ်းကြောင်းနှင့် သီးခြားသွေဖည်နေသည့်အတွက်** အခြားပြင်ပမှ အသုံးပြုသည့် လက်နက်တစ်စုံတစ်ရာကြောင့် ဒဏ်ရာရရှိ သေဆုံးခဲ့ရခြင်းဖြစ်နိုင်ကြောင်း သိရှိရပါသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁) မြို့မရဲစခန်းမှ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




# ဒဏ်ရာရရှိသူများအား သွားရောက်ပို့ဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥာနပိုင်ယာဉ်ကို ခဲများ၊ လေးခွများ၊ ဓားများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် ဥာနပိုင်မော်တော်ယာဉ်ဖြင့် လူနာတစ်ဦးအား ဆေးရုံ ပို့ဆောင်ရန်သွားရောက်စဉ် ရွှေပြည်သာမြို့နယ် တ/၁၅ ရပ်ကွက် မဟာဗန္ဓုလလမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့အရောက်တွင် လမ်းပေါ်ရှိနေသူ ၂၀ ခန့်က လေးခွ၊ တုတ်၊ ဓားများကိုင်ဆောင်၍ ပိတ်ဆို့တားဆီးရန်ပြုလာသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ဆူပူအကြမ်းဖက်သူများထဲမှ အရပ်သားတစ်ဦး ကျည်ထိမှန်သေဆုံးခဲ့ရသည်။



ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် ဏ/၁၄ ရပ်ကွက် အောင်စေရတနာလမ်း၌ သံပုံးတီးသည့်ကိစ္စနှင့် ပတ်သက်၍ ရပ်ကွက်နေသူ အချင်းချင်းစကားများ ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဦးကိုကိုနိုင် ဆိုသူတွင် ဝဲလက်ခလယ်ပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတင်းရရှိသဖြင့် ဒဏ်ရာရရှိသူအား ဆေးရုံသို့ ပို့ဆောင်ကုသနိုင်ရေးအတွက် ဥာနပိုင်မော်တော်ယာဉ်ဖြင့် ခေါ်ယူခဲ့ကြောင်း၊ ထိုသို့ ခေါ်ယူစဉ် တ/၁၅ ရပ်ကွက် မဟာဗန္ဓုလလမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးရှေ့အရောက်၌ လမ်းပေါ်ရှိနေသူ ၂၀ ခန့်က မော်တော်ယာဉ်ကို တားဆီး၍ လေးခွ၊ တုတ်၊ ဓားများဖြင့် ပစ်ခတ်ရိုက်နှက်ခြင်းများ ပြုလုပ်လာခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဥာနပိုင်မော်တော်ယာဉ်ပျက်စီးမှုများဖြစ်ပွားခဲ့သည့်အပြင် **(ဝဲအောက်ပုံ)** ၎င်းလူအုပ်စုသည် ရဲတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ဖြစ်စေသည်အထိ ရန်မူလာခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက မိုးပေါ်သို့ သေနတ်ဖြင့် သုံးချက်ခန့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ လူအုပ်အတွင်းရှိ အရပ်သားတစ်ဦး ကျည်ထိမှန် သေဆုံးခဲ့သည်။

အဆိုပါ ရွှေပြည်သာမြို့နယ်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အမိန့်ထုတ်ပြန် ထားသည့် မြို့နယ်တစ်ခုဖြစ်ပြီး ယင်းမြို့နယ်အတွင်း လူ ငါးဦးသို့မဟုတ် ငါးဦးထက်ပိုသောသူများ စုဝေးခြင်းမပြုရန်နှင့် လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်းရင်းဆန်ခတ် ပြုမူခြင်းများကို မပြုလုပ်ရန် တားမြစ်ထားသည့်နေရာဖြစ်သည့်အပြင် လုံခြုံရေးနှင့် ပြည်သူလူထုအား ကူညီဆောင်ရွက်ပေးလျက်ရှိသော ရဲတပ်ဖွဲ့ဝင်များကို အသက်အန္တရာယ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ပါဝင်ပတ်သက်သူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော်ဖုံးမှ*

စပါးအသင်းသည် ဝက်စ်ဟမ်းအသင်းအပေါ် ဂိုးပေါက်ကန်သွင်းမှု အသာစီး ရယူထားနိုင်သော်လည်း လိုအပ်နေသည့် ချေပဂိုးကို သွင်းယူနိုင်ခြင်း မရှိပေ။ ဒုတိယပိုင်းအစတွင် စပါးအသင်းကစားကွက် အပြောင်းအလဲပြုလုပ်ခဲ့ပြီး လာမယ်လာ၏ နေရာကို ဘေးလ်၊ တန်ဂန်ဂါ၏ နေရာကို ဒိုဟာတီဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ သို့သော်လည်း ဂိုးရရှိခဲ့သည့်အသင်းက ဝက်စ်ဟမ်းအသင်းဖြစ်ခဲ့ပြီး ဖော်နေးလ်၏ ဖန်တီးပေးမှုတစ်ဆင့် လင်ဂတ်က သွင်းယူပေးနိုင်ခဲ့သည်။ စပါးအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၆၄ မိနစ်တွင် ဘေးလ်၏ ဖန်တီးပေးမှုမှတစ်ဆင့် မော်ရာက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း ပွဲချိန်ပြီးဆုံးသည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိတော့သည့်အတွက် ပွဲအပြီးတွင် ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယား အဆင့် (၄)နေရာသို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

### ယှဉ်ပြိုင်ကစားရမည်

ဝက်စ်ဟမ်းအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စပါးအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဝုဖ်ဘာဂါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် ပုသိမ်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ တောင်ငူမြို့ ကေတုမတီမြို့သစ်နှင့် ပြည်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက် စုစုပေါင်း ၂၂ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ **(ယာပုံ)**၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကေတုမတီမြို့သစ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၂၁ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။



ထို့အပြင် ပဲခူးတိုင်းဒေသကြီး ကေတုမတီမြို့သစ် မဟာစည်သာသနာ့ရိပ်သာကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး **(အောက်ပုံ)**



ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၂၀၀၈ ဦး၊ အတွင်းလူနာ ၂၉၆၉ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၉၂၈ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၉၂ ဦး စုစုပေါင်း ၁၄၂၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၅၅၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၈၂၈ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၃၈၅ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့်သက်ဆိုင်ရာ ဆေးရုံများမှလည်း လွှဲပြောင်း ကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများ သွေးလိုအပ်မှုမရှိစေရေးအတွက် ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိ၊ စစ်သည် စုစုပေါင်း ၈၀ တို့က စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမရပ်ကွက် **(ယာပုံ)**၊ မင်္ဂလာဒုံမြို့နယ် ဘိုခြံရပ်ကွက်၊ ၂–ခ ရပ်ကွက်၊ ဈေးရပ်ကွက်၊ အနန်းပင်ရပ်ကွက်၊ မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာ(အရှေ့)၊ လှည်းငုတ်ချောင်းကျေးရွာ(အနောက်)၊ ကုလားကြီးကုန်းကျေးရွာ၊ သရက်ညိုပင်ကျေးရွာနှင့် ရေကျော်ကျေးရွာတို့ရှိ အိမ်ထောင်စု ၅၅၀၀ တို့အတွက် ဆန်နှင့်ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မှင်ပင်ကျေးရွာ၊ အမရပူရမြို့နယ်နှင့် ကြည့်မြင်တိုင် ကျေးရွာအုပ်စု၊ မြင်တော်ကျေးရွာတို့ရှိ အိမ်ထောင်စု ၁၁၀၀ တို့အတွက် ဆန်နှင့်ဆီများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## မကွေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်မီးများ အချိန်နှင့်တစ်ပြေးညီရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

**မကွေး ဖေဖော်ဝါရီ ၂၁**

မကွေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့ပေါ်ရပ်ကွက်(၁၅) ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ ကျော်တို့တွင် ၂၄နာရီ လျှပ်စစ်မီးမပြတ်ရေး အချိန်နှင့်တစ်ပြေးညီ အထူးဆောင်ရွက်လျက် ရှိကြောင်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးငွေအောင်ထံမှ သိရသည်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပုံမှန်ဓာတ်အားပေးထားသည့် ဓာတ်အားပေးလိုင်းများ၊ ရှဉ့် စသည့်အကောင်တက်ခြင်းမှဖြစ်စေ၊ ယာယီအပြစ်ကြောင့်ဖြစ်စေ၊ ဓာတ်အားပြတ်တောက်မှု မဖြစ်စေရန် နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းထံမှ သိရသည်။



မကွေးမြို့နယ်တွင် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး (NEP)စီမံကိန်းဖြင့် ကျေးရွာပေါင်း ၄၃ ရွာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။ မြို့နယ်အတွင်း ကျေးရွာပေါင်း ၅၁ ရွာကို လျှပ်စစ်မီးရရှိရေးဆောင်ရွက်လျက်ရှိရာ ၄၃ ရွာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ပြီး ကျန်ရှိသော ကျေးရွာရှစ်ရွာ မီးလင်းရေးကို တင်ဒါအောင်ကုမ္ပဏီများက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးက သိရသည်။

**ရေလည်းပုံမှန်ရနေ**

"ကျွန်တော်တို့ မကွေးလျှပ်စစ်ကတော့ ပုံမှန်လျှပ်စစ်မီးရနေပါတယ်။ လျှပ်စစ်အင်ဂျင်နီယာရုံးက မီးအား ဘယ်လိုဆောင်ရွက်နေတယ်။ မီးမရမီးလာ မလာကို လူမှုကွန်ရက်က မေးရတယ်။ အမြဲတင်ပေးတယ်။ လျှပ်စစ်မီးရတော့ ရေလည်းပုံမှန်ရနေပါတယ်။ မကွေးလျှပ်စစ်ကို ကျေးဇူးတင်ပါတယ်" ဟု ဒေသခံ မကွေးမြို့ပေါ်ရပ်ကွက်နေ ပြည်သူများက ပြောသည်။

**ဝင်းမောင်(မကွေး)**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ချိုးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၂ - ၂၀၂၁

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၄၀၀ | ၉၄၈ | ၈၈၇၀၂၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၂၅၂ | ၈၉၂၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃ | ၂၃၇၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁ | ၂၁၅၀၀ |
| TMH | ၂၈၀၀ | ၂၉၀၀ | ၈၄ | ၂၄၃၂၀၀ |
| EFR | ၃၂၅၀ | ၃၂၅၀ | ၁၀ | ၃၂၅၀၀ |

ညီညီ

# ရှင်မတောင်ဒေသထွက်သနပ်ခါး အပင်လိုက်ရောင်းချမှု ပိုမိုတွင်ကျယ်လာ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက်သနပ်ခါးပင်များ၊ မြိုင်ဒေသထွက်သနပ်ခါးပင်များ ပခုက္ကူဈေးကွက်သို့ လာရောက်ရောင်းချကြရာ ဈေးနှုန်း ကြီးမြင့်မှုမရှိဘဲ အပင်လိုက်ရောင်းချမှုများလာကြောင်း ပခုက္ကူမြို့မဈေးကြီး အနောက်ဘက် ဦးမေဃကျောင်းဝင်း ဇရပ်၌ ရောင်းချနေသည့် သနပ်ခါးပင် ပွဲစားများထံမှ သိရသည်။

သနပ်ခါးပင်အရောင်းအဝယ်ပြုလုပ်နေသည့် ဦးမေဃ ကျောင်းဝင်းဇရပ်ရှိ သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းချနေသည့် ဈေးသည် ၁၀၀ ခန့်ရှိပြီး သနပ်ခါးရောင်းဝယ်ကြရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်မြို့နယ် ကန်နီရွာ၊ ပေါက်မြို့နယ်ထွက်သနပ်ခါးပင်များသည် အရည်အသွေးကောင်းမွန်ပြီး အသွေးခံခြင်း၊ လိမ်းခြယ်ရာတွင် မွှေးရနံ့သင်းပျံ့ခြင်းတို့ကြောင့် မြန်မာပြည်အရပ်ရပ်တွင် နာမည်ကြီးနေသော ဒေသသနပ်ခါးများဖြစ်ကြောင်း သနပ်ခါးပွဲစား ဦးသိန်းလွင်ဦးက ပြောသည်။

ဦးမေဃကျောင်းဝင်းထဲတွင် သနပ်ခါးရောင်းချနေသည့် သနပ်ခါးရောင်းဝယ်ရေးဈေးသည်များသည် ၁၀ နှစ်အထက် သနပ်ခါးပင်များကိုသာ ရောင်းချနေကြပြီး သနပ်ခါးဈေးတန်းမှာလည်း နာမည်ရလာသည့်သနပ်ခါး ဈေးတန်းဖြစ်ကာ လက်လီ၊ လက်ကားအာမခံဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချနေပြီး သနပ်ခါးပင်များကို အရှည် တစ်ပေခွဲဖြတ်ရောင်းချခြင်း၊ ဝယ်ယူသူကဖြတ်ခိုင်းမှသာ ဖြတ်ပေးကြပြီး အရှည်တစ်ပေခွဲ သနပ်ခါးတုံးများ ယခင်ကငွေကျပ် ၇၀၀၀ ဖြင့် ရောင်းချခဲ့ရာမှ ယခုကာလတွင် ငွေကျပ် ၁၅၀၀ မှ ၂၅၀၀ ဖြင့်သာ ရောင်းချနေရပြီး သနပ်ခါးတုံး အတုတ်၊ အပွေးပါရှိမှုပေါ်မူတည်ကာ ဈေးအနည်းငယ်သာ ကွာသွားကြောင်း သနပ်ခါးတုံး ရောင်းချသူ ဒေါ်စိုးဝေက ပြောသည်။

ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အပွေး(အခေါက်)ထူပြီး၊ ဝယ်ယူသူ စိတ်ကြိုက်ဖြစ်ကာ အချို့စိုက်ပျိုးရေးသနပ်ခါးများသည် နှစ်နှစ်၊ သုံးနှစ်ဖြင့် ရောင်းတန်းဝင်ခုတ်ယူရောင်းချလာကြရာ အပွေးထူ၊ အပင်လုံးသော်လည်း လိမ်းခြယ်ကြရာတွင် မွှေးရနံ့မပါခြင်းများကြောင့် သနပ်ခါးဝယ်ယူသူများ စိစစ် ရွေးချယ်ဝယ်ယူလာကြကြောင်းသိရပြီး သနပ်ခါးပင် အတုတ်လေးလက်မခွဲပတ်လည်၊ အပင်အရှည် ငါးပေခွဲခြောက်ပေအပင်တစ်ပင်လျှင် ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၁၂၀၀၀ ဈေးနှုန်းဖြင့် အပင်လိုက်ရောင်းချမှုများလာကာ ကိုဗစ်-၁၉ ရောဂါကာလအလွန် သနပ်ခါးဈေးကွက် ပြန်လည်ကောင်းမွန်ရန် မျှော်လင့်ကြောင်း သနပ်ခါးပွဲစားများထံက သိရသည်။



**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ကျောက်တော်မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ကွန်ကရစ်တံတားတည်ဆောက်

**စစ်တွေ ဖေဖော်ဝါရီ ၂၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၂၅၆ ဒသမ ၅၅၃ သန်းဖြင့် ကျောက်တော်မြို့နယ် မင်းသားတောင်ကျေးရွာ ရွာလယ် ကွန်ကရစ်တံတားပေ ၁၂၀ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ) မှ တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် စံချိန်စံညွှန်း ပြည့်မီရေး မှာကြားသည်။



တံတားမှာ လက်ရှိအချိန်တွင် ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ ရာနှုန်း ပြည့်ပြီးစီးပါက ဒေသခံပြည်သူများ ကျောက်တော်မြို့သို့ ရာသီမရွေးသွားလာနိုင်မည် ဖြစ်သည်။ ယင်းတံတား ပြီးစီးသွားလျှင် ကျေးရွာခုနစ်ရွာမှ အိမ်ခြေ ၅၃၇ ၊ လူဦးရေ ၂၆၄၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

အဆိုပါ တံတားကို ၂၀၀၃ ခုနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် အလျားပေ ၁၂၀ သစ်သား တံတားကို ဆောင်ရွက်ပေး ပြီး ယခုအခါ တံတားသက်တမ်းကြာမြင့်လာသည့်အတွက် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ဆက်သွယ် သွားလာနိုင်စေရန် သံကူကွန်ကရစ် တံတားအဖြစ် ပြောင်းလဲ၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မဟာဓာတ်အားလိုင်း သွယ်တန်းရန် တိုင်စိုက်ထူခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ပြိုလက်ဝဲ ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့ပေါ်နှင့် မီးတိုက်ကျေးရွာအုပ်စု သဲချောင်း ကျေးရွာအုပ်စုတို့၌ မဟာဓာတ်အားလိုင်းရရှိစေရန် တိုင်များစိုက်ထူထားခြင်း လုပ်ငန်းအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ပြိုလက်ဝဲမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအမ်းဇော်မိုး၊ မြို့လျှပ်စစ်မှူး ဦးအောင်သိန်းထွန်းနှင့် သက်ဆိုင်ရာအဖွဲ့တို့က စိုက်ထူထားသည့် တိုင်များ၏အခြေအနေ၊ သတ်မှတ်ထားသည့် လမ်းဇရိယာနှင့် ကင်းလွတ်မှု ရှိ မရှိ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ကြုံတွေ့လာနိုင်မည့် ဘေးအန္တရာယ်များကို စိစစ်ဆောင်ရွက်ကြရာ မီးတိုက်ကျေးရွာရှိရွာအဝင်လမ်းနှင့်သာယာကုန်းကျေးရွာအတွင်း စိုက်ထူထားသည့် တိုင်များမှာ ပြန်လည်ရွှေ့ပြောင်း စိုက်ထူရန်လိုအပ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း သိရသည်။

**မြင့်ခိုင်(ပြန်/ဆက်)**



# အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊

(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဇ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံ ဉာဏ်ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**

# ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ ဆီးနှင်းထူထပ်စွာကျချိန် မြင်ကွင်းမရှင်းပါက ကမ်းမှမထွက်ခွာရန် အသိပေးစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြစ်အတွင်း၌ စက်တပ်သမ္ဗန်များစွာဖြင့် ခရီးသွား ပြည်သူများအား ဒလဘက်ကမ်းမှတစ်ဆင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့ဘက်ကမ်းသို့ နေ့စဉ် ကူးတို့ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသော စက်တပ်သမ္ဗန် (ကူးတို့ဆိပ်)များအားလုံး၌ ဆောင်းရာသီကာလအတွင်းဖြစ်ပေါ်တတ်သော ဆီးနှင်းများ ထူထပ်စွာကျဆင်းချိန် မြစ်အတွင်း မြင်ကွင်းများ ရှင်းလင်းကောင်းမွန်မှု မရှိပါက ရေယာဉ်များ ကူးတို့ဆိပ်ကမ်းမှ မောင်းနှင်ထွက်ခွာခြင်း မပြုလုပ်ကြစေရေးနှင့် ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းစေရေး အတွက် ယနေ့နံနက်ပိုင်းက မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒလမြို့နယ် အတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်တို့တွင် အသိပေးစစ်ဆေးခြင်းများကို ဆောင်ရွက်သည်။

" ဒီနေ့က စက်တပ်သမ္ဗန်တွေ နှင်းကျချိန်ကာလဖြစ်တဲ့အတွက် ဆီးနှင်းကျချိန် မြင်ကွင်းမရှင်းရင် မထွက်ဖို့နဲ့ ရေယာဉ်အန္တရာယ်ကင်းရှင်းဖို့အတွက် သမ္ဗန်တွေပေါ်မှာ ထားရှိရမယ့် ပစ္စည်းတွေပြည့်စုံမှုရှိ မရှိကို စစ်ဆေးတာ ဖြစ်တယ်။ သမ္ဗန်ရေယာဉ်တွေမှာ အရေးပေါ်အတွက် အသက်ကယ်အင်္ကျီ၊ ခရာ၊ အချက်ပြအလံ၊ ပွိုင့်မီး၊ ကျောက်နဲ့ ကျောက်ကြိုးတွေ၊ လှော်တက်(ခက်တက်)၊ သမ္ဗန်ကိုယ်ထည်ကြံ့ခိုင်မှုတွေ ပြည့်စုံမှုမရှိတဲ့ သမ္ဗန်တွေကို စစ်ဆေးတွေ့ရှိခဲ့ရင် အရေးယူသွားမှာ ဖြစ်ပါတယ်။ နံနက်ပိုင်းနဲ့ညပိုင်း အလုပ်သွားအလုပ်ပြန်ချိန်မှာ ခရီးသည်များတဲ့အတွက် သမ္ဗန်တစ်စင်းမှာ ခရီးသည် ၁၀ဦးအထိ တင်ဆောင်ထွက်ခွာတယ်။ လူနည်းသွားတဲ့အချိန်တွေဆို ရှစ်ဦးအထိပဲတင်တာ ဖြစ်ပါတယ်။ ဒီကာလမှာ ခရီးသည် သွားလာမှုနည်းသွားတဲ့အတွက် သမ္ဗန်ရေယာဉ် မောင်းနှင်သူတွေရဲ့ စားဝတ်နေရေးအတွက် အခက်အခဲတွေ တချို့ ကြုံတွေ့နေရတယ်။ တချို့ဆိုလည်း ရပ်နားထားရတဲ့ သမ္ဗန်တွေလည်း များလာတယ်" ဟု မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောသည်။



ဆောင်းရာသီကာလ ဖြစ်ပေါ်တတ်သည့် ရန်ကုန်မြစ်အတွင်း ဆီးနှင်းများကျဆင်းနေချိန် မြစ်တွင်းသွား စက်တပ်သမ္ဗန်များအနေဖြင့် ခရီးသည်များ တင်ဆောင်မောင်းနှင် သွားလာရာတွင် အသက်အန္တရာယ်ရှိနိုင်သည့်အတွက် မြင်ကွင်းများ ကောင်းမွန်မှုရှိမှသာ မောင်းနှင်ကြရန်၊ ဆီးနှင်းများ ထူထပ်စွာ ကျချိန်တွင် သက်ဆိုင်ရာ ကူးတို့ ဆိပ်ကမ်းများမှ မောင်းနှင်ထွက်ခွာခြင်း မပြုလုပ်စေရေး၊ ကုန်ပစ္စည်းများ တင်ဆောင်ပါက ခရီးသည်လျှော့တင် ဆောင်ရေး၊ မီးလောင်လွယ်သောပစ္စည်းများ တင်ဆောင်ပါက ခရီးသည်တင်ဆောင်ခြင်း မပြုလုပ်စေရေး၊ မြို့နယ်မှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြား ချက်များကို လိုက်နာနိုင်စေရေးအတွက် စက်တပ်သမ္ဗန် ကူးတို့ဆိပ်များရှိဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စက်တပ် သမ္ဗန်မောင်းနှင်ကြသူများ သိရှိနိုင်ရေးအတွက် အသိပေး ပြောကြားခြင်းဖြစ်သည်။

ဒလမြို့နယ်၌ မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ပိုင် ကူးတို့သမ္ဗန်ဆိပ် ခြောက်ဆိပ်ရှိရာ ကမာအောင် ကူးတို့ဆိပ်၌ အစင်း ၁၈၀၊ တံလျှပ်ကူးတို့ဆိပ်၌ ၄၆ စင်း၊ ရေကန်ကူးတို့ဆိပ်၌ ၂၂ စင်း၊ ဆာပါချောင်ကူးတို့ဆိပ်၌ ၄၁ စင်း၊ ကျောင်းစုကူးတို့ဆိပ်၌ ၂၂ စင်း၊ ကျောင်းစုခွဲ (လက်ခပ်မှ စက်တပ်) ကူးတို့ဆိပ်၌အစင်း ၂၀ တို့ဖြစ်ပြီး သမဝါယမအသင်း လီမိတက်ပိုင်ကူးတို့သမ္ဗန်ဆိပ် ငါးဆိပ် ဖြစ်သည့် သမ္မတကမ်းခြေကူးတို့ဆိပ်၌ ၃၄ စင်း၊ ကမာကသွယ် ကူးတို့ဆိပ်၌အစင်း ၃၀၊ စက်မြေကူးတို့ဆိပ်၌ ၃၃ စင်း၊ ကမာကဆစ်ကူးတို့ဆိပ်၌ ၄၁ စင်း၊ မှော်စက်ကူးတို့ ဆိပ်၌ ၃၅ စင်းရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ် ဝမ်ကုန်-အခြေခံပညာမူလတန်း(လွန်)ကျောင်း တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်း မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဝမ်ကုန်-အခြေခံပညာ မူလတန်း(လွန်) ကျောင်းအတွက် Steel Structure ကျောင်းဆောင်သစ် တစ်ထပ်ဆောင်တစ်လုံးတည် ဆောက်လျက်ရှိသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၆၀ ၊ အနံပေ ၃၀ ရှိသော Steel Structure အမျိုးအစား တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး တင်ဒါအောင် ကုမ္ပဏီက တာဝန်ယူတည်ဆောက် လျက်ရှိရာ ငွေကျပ် ၄၄ ဒသမ ၃၇၂ သန်း ကုန်ကျမည်ဖြစ်ကြောင်း အဆိုပါ ကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစန္ဒာမင်းထံမှ သိရသည်။

ဝမ်ကုန်ကျေးရွာရှိ ကျောင်းသည် အခြေခံပညာမူလတန်း(လွန်)ကျောင်း အဆင့် ဖြစ်သည်နှင့်အညီ မူလတန်း ပညာများ အပြင် အလယ်တန်းပညာ များပါ သင်ကြားနေသည့်အတွက် ဝမ်ကုန်ကျေးရွာအပြင် နီးစပ်သည့်ကျေးရွာများမှ ကျောင်းသားကျောင်းသူများ၏ သင်ကြား၊ သင်ယူမှုများအတွက် စာသင်ခန်းများ လုံလောက်လာမည်ဖြစ်၍ ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောသည်။

မိုင်းယောင်း မြို့နယ်တွင် ပညာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မပြီးပြတ်သေးသည့် ကျောင်းဆောင်များ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းနှစ်ခု၊ အန္တရာယ်ကျောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း ၁၄ ခု၊ သိပ္ပံဆောင် အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းတစ်ခု၊ KG ဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်း လေးခု၊



ဆရာ ဆရာမဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ခြင်း လုပ်ငန်း နှစ်ခု၊ ကျောင်းစာကြည့်တိုက် အသစ်ဆောက်လုပ်ခြင်း လုပ်ငန်း တစ်ခု၊ မြို့နယ်ပညာရေးမှူးရုံး အသစ် ဆောက်လုပ်ခြင်းတစ်ခုနှင့် အခြားတည်ဆောက်ရေး လုပ်ငန်းများ အပါအဝင် စုစုပေါင်းလုပ်ငန်း ၃၀ အတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံ ငွေကျပ် ၁၂၁၂ ဒသမ ၃၃၈ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီကိုးခုက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

**အားချာ**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဖော်ထားရှိခြင်းများ မပြု ပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာ ထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြု တတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကား သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အလေးထားဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၂၁**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း စည်းဝေးကို အွန်လိုင်း အစည်းအဝေးစနစ်ဖြင့် ကျင်းပသည်။



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီမှ အရေးပေါ်ကာလ တစ်နှစ်အတွင်း ဆောင်ရွက်မည့် Road Map (၅) ချက်ကို ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး ညွှန်ကြားချက် များနှင့်အညီ အခြေခံပညာ ကျောင်းများကို ပြန်လည် ဖွင့်လှစ်နိုင်ရေး ကြိုတင်ဆောင် ရွက်ထားကြရန် လိုအပ်ကြောင်းနှင့် မိမိတို့ တိုင်းဒေသကြီးတွင် စီမံအုပ်ချုပ်ရေး ကောင်စီ တာဝန်ယူနေစဉ် ကာလအတွင်း ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခြင်း လုပ်ငန်းများ အမြန်ပြီးပြတ်စေရေး ဆောင်ရွက်ရန်၊ မြို့နယ်အလိုက် ပိတ်သိမ်းခဲ့သည့် အသွားအလာ ကန့်သတ်ရေး စခန်းများ၏ စာရင်းဇယားများ စနစ်တကျ ပြုစုထားရှိရန်၊ မိမိတို့မြို့နယ်အတွင်း ရာဇဝတ်မှုမဖြစ်စေရေး လုံခြုံရေး အထူးအလေးထား ဆောင်ရွက်ရန် တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များက မြို့နယ်အလိုက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ဒေသအလိုက်ဆေးရုံ၊ ဆေးခန်း ဖွင့်လှစ်မှုများ၊ ဘဏ်များ ဖွင့်လှစ်ထားရှိမှု၊ နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးနေမှုများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ် ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက် မှာကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပွင့်ဖြူမြို့နယ်၌ ခရမ်းချဉ်သီးများ စိုက်ပျိုးအောင်မြင်သော်လည်း ဈေးနှုန်းများ ကျဆင်းနေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြုပြီးစိုက်ပျိုးသည့် နိုင်ငံခြားမျိုး(111) ခရမ်းချဉ်သီးများ အောင်မြင်ဖြစ်ထွန်း၍ အသီးများ လှိုင်လှိုင် ထွက်ရှိသော်လည်း လက်ရှိတွင် ဈေးနှုန်းများကျဆင်းနေသည့်အတွက် ဈေးကောင်းရရှိရေး မျှော်လင့်လျက်ရှိနေကြကြောင်း ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာမှ ခရမ်းချဉ်စိုက်ပျိုးတောင်သူများထံက သိရသည်။

ပွင့်ဖြူမြို့နယ် အတွင်းရှိ မုန်းချောင်းအနီး ကျေးရွာများရှိ ဒေသခံ တောင်သူများသည် ဥယျာဉ်ခြံမြေများနှင့် ကိုင်း၊ ကျွန်းမြေများတွင် မုန်းချောင်းရေနှင့် မြေအောက်ရေကို အဓိကမှီခိုအားထားပြု၍ တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံ၊ ဘုရားပန်းမျိုးစုံနှင့် နှစ်ရှည်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရကာ ယခုနှစ်တွင် တောင်သူများ စိုက်ပျိုးသည့် (111) ခရမ်းချဉ်သီးနှံမှာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး အသီးများ ဆွတ်ခူးရောင်းချနေရပြီ ဖြစ်ကြောင်း ခရမ်းချဉ် စိုက်ပျိုးတောင်သူများထံမှ သိရသည်။

"ပွင့်ဖြူမြို့နယ် မုန်းချောင်းအနီး ကျေးရွာတွေမှာရှိတဲ့ တောင်သူတွေဟာ မုန်းချောင်းရေနဲ့ မြေအောက်ရေကို အကျိုးရှိရှိ အသုံးချပြီး ဟင်းသီးဟင်းရွက် စားပင်သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြတာဖြစ်ပြီး အဆိုပါသီးနှံများ စိုက်ပျိုးရာတွင် တောင်သူတွေဟာ (111) ခရမ်းချဉ်ကို အားထား စိုက်ပျိုး လုပ်ကိုင်ကြပါတယ်။ (111) ခရမ်းချဉ်သီးဟာ စနစ်တကျ စိုက်ပျိုးပါက အပင်ရေတစ်ထောင်ဆိုရင် ခရမ်းချဉ်သီး ပိဿာချိန် အနည်းဆုံး ၃၀၀၀ မှ ၄၀၀၀ အထိ ထွက်ရှိပါတယ်။ အခုနောက်ပိုင်းမှာ စိုက်ပျိုးရေး နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ဒေသခံတောင်သူတွေဟာ စိုက်ပျိုးရေး ကုမ္ပဏီတွေဆီက တစ်ဆင့် သီးနှံအလိုက် အထွက်နှုန်းကောင်းတဲ့ စိုက်ပျိုးနည်းစနစ်တွေကို လေ့လာသင်ယူပြီးတော့ စမ်းသပ် စိုက်ပျိုးလုပ်ကိုင်လာပါတယ်။ အဲဒီလို စမ်းသပ်စိုက်ပျိုးလုပ်ကိုင်ရာမှာ အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် တောင်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းမှာ စနစ်တကျ လုပ်ကိုင်တတ်နေကြပါပြီ။ ဒီနှစ်မှာလည်း တောင်သူတွေ စိုက်ပျိုးတဲ့ (111) ခရမ်းချဉ်သီးနှံတွေဟာ အောင်မြင်ဖြစ်ထွန်းပြီး အသီးများ လှိုင်လှိုင်ဆွတ်ခူးရောင်းချနေရပြီ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိမှာ ခရမ်းချဉ်သီးနှံဈေးနှုန်းဟာ တစ်ပိဿာကို ငွေကျပ် ၃၀၀၊ ၄၀၀ သာ ရောင်းချနေရလို့ သီးနှံဝင်ငွေ အကျိုးအမြတ် နည်းပါတယ်။ ဒါကြောင့် တောင်သူတွေက ဈေးကောင်းရရှိဖို့ မျှော်လင့်နေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာမှ (111) ခရမ်းချဉ်သီးနှံ စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်သူ ကိုကျော်ဇင်ဝင်းက ပြောသည်။



ဟင်းသီးဟင်းရွက် စားပင်သီးနှံများတွင်(111) ခရမ်းချဉ်သီးနှံသည် အထွက်နှုန်းကောင်းမွန်သည့်အတွက် ဈေးကောင်းရရှိပါက တောင်သူများအတွက် စီးပွားရေး ပိုမိုတွက်ခြေကိုက်သည့် သီးနှံဖြစ်ပြီး မြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများက (111) ခရမ်းချဉ်သီးနှံကို အားထားစိုက်ပျိုးကြကြောင်း၊ (111) ခရမ်းချဉ်သီးနှံသည် စိုက်ပျိုးပြီး သုံးလကြာပါက အသီးများဆွတ်ခူးရောင်းချရကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

ခရမ်းလွန်
ရောင်ခြည်
အန္တရာယ်
ကာကွယ်ရေး
အိုဇုန်းလွှာကို
ထိန်းသိမ်းပေး






ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ပြင်ဦးလွင်မြို့နယ်၌ လယ်ယာထွက်ကုန်များ သယ်ယူနိုင်မည့်ကုန်ထုတ်လမ်း ဖောက်လုပ်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ညောင်သာယာကျေးရွာ တောင်သူများ၏ လယ်ယာထွက်ကုန်သီးနှံများ ပိုမိုလွယ်ကူစွာ သယ်ယူရောင်းချနိုင်ရန် အတွက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်ထုတ်လမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံ ငွေကျပ် ၁၂၃ ဒသမ ၃ သန်းဖြင့် လမ်းအရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသား နှစ်ပေထု၊ ဂျင်း ကိုးလက်မထု ခင်းခြင်းနှင့် ကွန်ကရစ်တံတား နှစ်စင်း၊ ရေထုတ်ပြွန် ခြောက်စင်း တည်ဆောက်ခြင်းကို တင်ဒါ အောင်သည့်ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။



ယင်းလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီ ပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို မှာကြားကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးပါက ညောင်သာယာ ကျေးရွာ တောင်သူများ၏ လယ်ယာထွက်ကုန် သီးနှံများ ပိုမိုလွယ်ကူစွာ သယ်ယူရောင်းချနိုင်မည် ဖြစ်သည့်အပြင် သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# မကွေးမြို့နယ် ယောင်းမထားကျေးရွာ ကျေးလက်ရေရရှိရေး ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီး

**မကွေး ဖေဖော်ဝါရီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၁၀ သန်းဖြင့် ဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မကွေးမြို့နယ်၊ ပေပင်စမ်းကျေးရွာအုပ်စု၊ ယောင်းမထား(တဲတိုက်) စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



အဆိုပါလုပ်ငန်းကို လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် သောက်သုံးရေ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့် ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆက်စပ်လုပ်ငန်း ဆောင်ရွက်မှုမှာ လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ယောင်းမထား ကျေးရွာ စက်ရေတွင်းကော်မတီထံမှ သိရသည်။

အဆိုပါတဲတိုက်သည် နွေရာသီတွင် သောက်သုံးရေအခက်အခဲ နှစ်စဉ် ကြုံတွေ့ရလေ့ရှိပြီး စက်ရေတွင်းတူးဖော်ပြီးပါက အိမ်ခြေ ၄၀ နှင့် လူဦးရေ ၁၇၈ ဦးအားလည်းကောင်း ကျွဲ၊ နွားတိရစ္ဆာန် ၁၀၀ ကျော်အတွက် သောက်ရေသန့်များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**

# မယ်စဲ့ဒေသတွင် စိုက်ပျိုးသည့် ဆောင်းသီးနှံကြက်သွန်ဖြူများ ဈေးကောင်းရရန်မျှော်လင့်



**မယ်စဲ့ ဖေဖော်ဝါရီ ၂၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ဒေသတွင်းစိုက်ပျိုးသည့် ဆောင်းသီးနှံ ကြက်သွန်ဖြူများ ယခုနှစ်တွင် ဈေးကောင်းရရန် မျှော်လင့်ကြောင်း ကြက်သွန်စိုက် တောင်သူများထံမှ သိရသည်။

"မနှစ်က ကြက်သွန်ဖြူနုတ်သိမ်းချိန်မှာ တစ်ကီလိုကို ငွေကျပ် ၅၀၀ သာ ဈေးရတယ်။ ဒီဒေသကထွက်တဲ့ ကြက်သွန်ဖြူကို ထိုင်းနိုင်ငံကို အဓိကထား တင်ပို့ရောင်းချရတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်တော့ နယ်စပ်ဂိတ်တွေ ပိတ်ထားတဲ့အပြင် နှစ်နိုင်ငံကုန်သွယ်မှုတွေ ရပ်ဆိုင်းထားတဲ့အတွက် ဒေသတွင်းကုန်သည်တွေက ကျိုင်းတုံမြို့ကို တင်ပို့ရောင်းချရတယ်။ တောင်သူတွေအနေနဲ့လည်း ရသလောက်ဈေးနဲ့ ရောင်းရပြီး ကုန်သည်တွေကလည်း သယ်ယူစရိတ် များပြားတာကြောင့် တောင်သူနဲ့ကုန်သည် နှစ်ဖက်စလုံး တွက်ခြေမကိုက်ဘူး။ ဒါကြောင့် ဒီနှစ်မှာ ကြက်သွန်ဖြူကို လျှော့စိုက်ပြီး ဝယ်လိုအားများပြားတဲ့ တခြားသီးနှံပဲပုပ်ကို ပိုစိုက်ဖြစ်တယ်။ ရာသီချိန် ဈေးကောင်းရရင်တော့ တောင်သူတွေအဆင်ပြေတယ်"ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

မယ်စဲ့မြို့နယ်တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် ဒေသမျိုး ရှမ်းကြက်သွန်ဖြူကို စိုက်ပျိုးကြသည်။ စပါးရိတ်သိမ်းပြီး ကောက်ရိုးငုတ်များ ဖြတ်ကာရေသွင်းထားရသည်။ ထို့နောက် ကြက်သွန်ဖြူအမြွှာလိုက် တစ်ပင်နှင့် တစ်ပင်အကြား လေးလက်မခန့် အကွာအဝေးဖြင့် မြေကြီးထဲသို့ တစ်ဝက်ခန့် မြှုပ်စိုက်ပြီး အပေါ်မှ ကောက်ရိုးများကို ဖုံးအုပ်ထားရသည်။ အပင်ဖြစ်ထွန်းစေရန်အတွက် တစ်လသားအရွယ်တွင် ပေါင်းလိုက်ခြင်း၊ သဘာဝမြေသြဇာများ ပက်ကြဲခြင်း၊ မြေအစိုဓာတ်ပေါ်မူတည်၍ တစ်ပတ်တွင် တစ်ခါ ရေသွင်းခြင်းနှင့် ပိုးမွှားရောဂါကျရောက်မှသာ ပိုးသတ်ဆေးဖျန်းပေးခြင်းတို့ကို ပြုလုပ်ရသည်။ ဒေသထွက်ကြက်သွန်ဖြူသည် ပိုးသတ်ဆေးသုံးစွဲမှု နည်းပါးပြီး အခွံပါးကာ အနံ့အရသာ မွှေးကြိုင်သဖြင့် စားသုံးသူများ ကြိုက်နှစ်သက်သည့်အပြင် ထိုင်းနိုင်ငံမှ မျိုးအနေဖြင့် ဝယ်ယူကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**




**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီ ရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှု များသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ရှိ/မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံး လုပ်နည်းများ (SOP) နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**စီမံအုပ်ချုပ်ရေးကောင်စီ**

## ဗန်းမောက်မြို့နယ် ဇလုံတောင်တော်ဘုရားကို လာရောက်ဖူးမြော်နိုင်တော့မည် ကားလမ်းနှင့် တောင်တက်လမ်းများကို ပြုပြင်မှုများဆောင်ရွက်ထား

**ဗန်းမောက် ဖေဖော်ဝါရီ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မြောက်ဘက်ရှိတောတောင်ကြီးများထူထပ်သောနေရာတွင် တည်ထားကိုးကွယ်လျက်ရှိသည့် သမိုင်းဝင် ကဏ္ဍသသယ ဇလုံတောင်ဘုရားသို့ ယခုအခါ ဘုရားဖူးများလာရောက် ဖူးမြော်ခွင့်ကို ပြန်လည်ခွင့်ပြုထားပြီဖြစ်သလို ကားလမ်းများကို ပြုပြင်ထား၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့လာခြင်းနှင့် တောင်တက်လမ်းများကို ပြုပြင်ထားခြင်းတို့ကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ လာရောက် ဖူးမြော်နိုင်ပြီဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ ကြောင့် ဘုရားဖူးခွင့် ယာယီပိတ်ခြင်းမပြုမီက ဇလုံတောင်သို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများ

နှစ်စဉ်နှစ်တိုင်း ပွင့်လင်းရာသီရောက်ပါက ကဏ္ဍသသယ ဇလုံတောင်တော်ဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ တစ်နှစ်လျှင် လူဦးရေလေးသိန်းမှ ငါးသိန်းအထိ လာရောက်ခဲ့ကြသော်လည်း ၂၀၂၀ ပြည့်နှစ် အတွင်း၌မူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်မြို့နယ်နှင့်တစ်မြို့နယ် ကူးသန်းသွားလာမှုကို ကန့်သတ်ထိန်းချုပ်ထားခဲ့၍ ဘုရားဖူးလာရောက်မှု နည်းပါးခဲ့ပြီး ဗန်းမောက်မြို့နယ် အတွင်းရှိဒေသခံများသာ လာရောက်ဘုရားဖူးမှုများ ရှိခဲ့သည်။

"အခုက ပွင့်လင်းရာသီလည်းဖြစ်၊ ကိုဗစ် ကာကွယ်ထိန်းချုပ်မှုကိုလည်း ဖြေလျှော့ပေးလိုက်ပြီဆိုတော့ တစ်နေ့တစ်နေ့ကို ဇလုံတောင်ကို ဘုရားဖူးလာတဲ့ ဘုရားဖူးကားတွေ အစီးရေ ၂၀၊ ၂၅ စီးလောက်လာနေကြပါတယ်။ ဘုရားဖူးလာကြတဲ့ လူတွေများတော့ ကျွန်တော်တို့လို ဒီဘုရားကို အမှီပြုပြီး ဈေး ရောင်းချရတဲ့သူတွေအတွက်လည်း စားဝတ်နေရေးလေး အဆင်ပြေလာတာပေါ့။ ပြီးခဲ့တဲ့ နှစ်ကတော့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဘုရားဖူးတွေ မလာကြလို့ စားဝတ်နေရေးကို အတော် ရုန်းကန်ခဲ့ရတယ်။ အခုဆို ဘုရားဖူး လာရောက်သူတွေ တစ်စစနဲ့ စည်ကားလာနေပါပြီ"ဟု ဦးကောစခန်း ရေတံခွန်အနီးတွင် မြို့နယ်ထွက် ရိုးရာအစားအစာများနှင့် တောဆေးမြစ်များ ရောင်းချနေသူ ဦးပေသီးက ပြောသည်။

ယခင်နှစ်များက ဇလုံတောင်သို့ လမ်းပန်းဆက်သွယ်ရေးမှာ အချို့လမ်းပိုင်းတွင် ကောင်းမွန်ခြင်းမရှိသဖြင့် ဇလုံတောင်တက် မော်တော်ယာဉ်အချို့မှာ မကြာခဏ တိမ်းမှောက်ခြင်းနှင့် မတော်တဆမှုများဖြစ်ခြင်း၊ တစ်စီးနှင့်တစ်စီး ရှောင်တိမ်းကြရာတွင် လမ်းကျဉ်းမြောင်း၍ ဘုရားဖူးများ စိုးရိမ်ကြောင့်ကျရခြင်းများ ရှိခဲ့သော်လည်း ပြီးခဲ့သည့်နှစ် နွေရာသီမှစ၍ အဆိုပါလမ်းပိုင်းကို ကားနှစ်စီးရှောင်နိုင်ရန် လမ်းပြန်ချဲ့၍ ပြုပြင်ခြင်း၊ တောင်ဆင်းတောင်တက် လမ်းများကို အကောင်းဆုံး ပြေပြစ်အောင် ဆောင်ရွက်ထားခြင်း၊ ဗန်းမောက်မြို့မှ ဇလုံတောင် လမ်းပိုင်းရှိ လမ်းမကောင်းသည့် နေရာအချို့ကို ပြုပြင်ထားခြင်းနှင့် ဦးကောစခန်း ရေတံခွန်အထိ ကွန်ကရစ်လမ်းခင်းကျင်း ထားပြီးဖြစ်ခြင်းတို့ကြောင့် ဘုရားဖူးများအနေဖြင့် ယခင်ထက်ပို၍ အန္တရာယ်ကင်းရှင်းစွာ လာရောက် ဘုရားဖူးနိုင်ကြပြီဖြစ်သည်။

ယခင်က စေတီတော်ပေါ်သို့ တက်သည့် လူတစ်ယောက်သာ သွားလာနိုင်သော လမ်းမှာလည်း တစ်ခုသာရှိသောကြောင့် ဘုရားဖူးရန် လာရောက်သူများမှာ အလှည့်ကျစနစ်ဖြင့် တက်ခဲ့ရပြီး ယခုအခါ စောင့်ဆိုင်းနေရခြင်းမှ ကင်းဝေးစေရန် အတက်/အဆင်းလမ်းများ ပြုလုပ်ပေးထားပြီဖြစ်သည်။ ထို့ပြင် ယခင်က ဘုရားဖူးခရီးသည်များ နားနေရန်အတွက် ဇရပ်မှာလည်း တစ်ဆောင်တည်းသာရှိသောကြောင့် အခက်အခဲများ ရှိခဲ့ကြသဖြင့် ယခုအခါတွင် ညအိပ်ညနေ ဘုရားဖူးလိုသူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန်အတွက် ဘုရားရင်ပြင်တော်ကို စက်ယန္တယားများဖြင့် ချဲ့ထွင်ရှင်းလင်းကာ သံဃာတော်များ၊ သီလရှင်ဆရာလေးများနှင့် အဝေးမှ လာရောက်ကြသည့် ဧည့်သည်များ တည်းခိုအနားယူနိုင်ရန် လေးထပ်ကျောင်းဆောင်ကြီးကို အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

(၀၇၈)

## ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃)လမ်းပေါ်၌ လမ်းဦးစီးဌာန၏ ပြည်နယ်ရန်ပုံငွေများဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မယ်စဲ့ ဖေဖော်ဝါရီ ၂၁**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်ရှိ ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နမ့်မန်း ဘီပီ(၁၃) လမ်းမပေါ်၌ လမ်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေများဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ဖားဆောင်း- မယ်ဆည်နမ်- မယ်စဲ့-နမ့်မန်းဘီပီ(၁၃)လမ်းပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဝမ်ကန်ကျေးရွာနှင့် ဟွေပါလန်ကျေးရွာအကြားနှင့် နမ့်မန်းဘီပီ(၁၃) စစ်ဆေးရေး ဂိတ်အနီးတို့တွင် မြေသားတာပေါင်ချဲ့၍ လမ်းကွေ့ဖြောင့်ခြင်းလုပ်ငန်းနှင့် ကွေ့ဖြောင့်သည့် လမ်းပိုင်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ အဆိုပါလမ်းပေါ်တွင် ပြွန်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ လမ်းနယ်တိုင် ၉၆ တိုင် စိုက်ထူခြင်းလုပ်ငန်း၊ လမ်းညွှန် ဆိုင်းဘုတ် ၅၀ စိုက်ထူခြင်းလုပ်ငန်း၊ မယ်ဆည်နမ်-ဟိုဂျစ်လမ်းပေါ်တွင် ပြွန်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လမ်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ကျပ် ၁၇၃ ဒသမ ၆ သန်းဖြင့် ဘုန်းပြည့်မင်းကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိရာ အချို့လုပ်ငန်းများမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှူး ဦးဝင်းနိုင်ထံမှ သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ထင်ရှားကျော်ကြားသည့် မျောလေးမျော သမိုင်းဝင် ကျိုက္ခမီရေလယ်ဘုရားကို ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်၍ ဖူးမြော်ခွင့်ပြုထားပြီဖြစ်ရာ ဖေဖော်ဝါရီ ၂၀ ရက်က လာရောက်ဖူးမြော်နေကြသူများကို တွေ့ရစဉ်။
မောင်ယဉ်ကျေး

## လေးမျက်နှာမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ ဒုတိယအကြိမ် ထုတ်ချေးပေး

**လေးမျက်နှာ ဖေဖော်ဝါရီ ၂၁**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကြီးပေါက်ကုန်းကျေးရွာအုပ်စု ဒေါင့်ကွေးကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်လျက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဒေါင့်ကွေးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၆၂ ဦး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့်သူ နှစ်ဦး၊ စုစုပေါင်း စီမံကိန်းအသင်းဝင်ပေါင်း ၁၃၈ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၀ ဒသမ ၉၄ သန်းကို ဒုတိယအကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝေဝေ(လေးမျက်နှာ)

## မန်တုံမြို့နယ်မှ ရွာနှစ်ရွာ၌ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန်တုံ ဖေဖော်ဝါရီ ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေလင်းဦးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပန်ဆန်းကျေးရွာအုပ်စု ပန်လုံကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း အရှည်လေးမိုင် လေးဖာလုံကို ခွင့်ပြုရန်ပုံငွေ ကျပ် ၃၈ ဒသမ ၃၄၃ သန်းဖြင့် စိန်လင်းမိုးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး နမ့်ဟိုင်းကျေးရွာအုပ်စု ကောင်းမှုးကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း အရှည် သုံးမိုင်ကို ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇ ဒသမ ၆၈၅ သန်းဖြင့် Nyi and Naing ကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်မှုများ အနေဖြင့် ပစ္စည်းများ စုဆောင်းခြင်း၊ ရေပိုက်လိုင်းသွယ်တန်းရန် မြောင်းတူးခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ပန်လုံကျေးရွာ၌ လုပ်ငန်းဆောင်ရွက်မှုများမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ ကောင်းမှုးကျေးရွာတွင် ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ **စည်သူမောင်မောင်(ပြန်/ဆက်)**

# တောင်ပြိုလက်ဝဲမြို့ မြို့မဈေးလမ်းနှင့် ပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ပြိုလက်ဝဲ ဖေဖော်ဝါရီ ၂၁**

တောင်ပြိုလက်ဝဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့မဈေးလမ်းနှင့် အနီးပတ်ဝန်းကျင်နေရာများ၊ ရွာတော်ရှင်မ၊ ချောင်းတော်ရှင်မ နတ်ကွန်းနှင့် အရှေ့လမ်းတို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက ဖေဖော်ဝါရီ ၁၉ ရက်က ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ပါဝင်သူအချို့အား ကိုဗစ်-၁၉ ကာလအတွင်း အခြေခံစားကုန်များ ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေများလည်း ပေးအပ်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့အုပ်ချုပ်ရေးမှူး ဦးအမ်းဇော်မိုး ဦးဆောင်၍ ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် သန္နေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမှိုက်သရိုက်



များ ကောက်ယူခြင်း၊ ပေါင်းမြက်များနှင့် သစ်ပင်အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူးက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပါဝင်သူများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားကာ မိမိတို့မြို့ သာယာလှပရေးအတွက် ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် မွန်မြတ်သည့် လုပ်ငန်းဖြစ်ကြောင်းနှင့် သဘာဝဘေးများ ဖြစ်ပေါ်လာပါကလည်း ယခုကဲ့သို့ စုပေါင်း၍ ဆောင်ရွက်ပေးစေလိုကြောင်း စသည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ကိုဗစ်-၁၉ ကာလအတွင်း အခြေခံစားကုန်များ ဝယ်ယူနိုင်ရန်အတွက် ကြက်ခြေနီအသင်းဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့အား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျပ် ၂၄၀၀၀၀ ကိုလည်းကောင်း၊ မိခင်နှင့်ကလေးအသင်းဝင် လေးဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် လေးဦးတို့အား ဝတ်စုံချုပ်ခ တစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် ကျပ် ၁၂၀၀၀၀ ကိုလည်းကောင်း အရင်းမပျောက် မတည်ငွေ ဘဏ်တိုးထဲမှ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြင့်ခိုင်(ပြန်/ဆက်)**

# ကြက်သွန်ဖြူပေါ်ချိန် ဈေးကောင်းရရန်အတွက် ကျောက်ထုမြို့နယ်မှတောင်သူများ မျှော်လင့်နေ

**ကျောက်ထု ဖေဖော်ဝါရီ ၂၁**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပန်းဆန်ရွာတွင် မိုးစပါးများ ရိတ်သိမ်းပြီးနောက် လယ်မြေများနှင့် ရေသွင်းရန် လွယ်ကူသည့်ယာမြေများ၌ ကြက်သွန်ဖြူများကို နှစ်စဉ်စိုက်ပျိုးလေ့ရှိရာ ယခုနှစ်တွင် စုစုပေါင်း ဧက ၁၀၀ ကျော်ခန့်ကို ဒေသခံတောင်သူများက စိုက်ပျိုးထားကြကြောင်းနှင့် ၎င်းတို့အနေဖြင့် ကြက်သွန်ဖြူ ထွက်ရှိချိန်တွင် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကြက်သွန်ဖြူစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကြက်သွန်ဖြူပင်များတွင် ပိုးမွှားအန္တရာယ်ကျရောက်မှု မရှိစေရန်အတွက် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာန၏ အသိပညာပေးမှုဖြင့် ပိုးမွှားကာကွယ်ဆေးများကို တောင်သူများက ပက်ဖျန်းလျက်ရှိသည်။ ကျောက်ထုမြို့ဒေသမှ စိုက်ပျိုးထွက်ရှိလာသည့် ကြက်သွန်ဖြူများကို ဒေသတွင်းသာမက ပခုက္ကူ၊ မန္တလေး၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက် စသည့် မြို့များသို့ပါ ပို့ဆောင်ရောင်းချကြကြောင်းနှင့် ယခုနှစ် ကြက်သွန်ဖြူပေါ်ချိန်တွင် ယခင်နှစ်ကရရှိသည့်ဈေးဖြစ်သော တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးကို ပြန်လည်ရရှိရန် တောင်သူများက မျှော်လင့်နေကြောင်း ဒေသခံ ကြက်သွန်စိုက်တောင်သူတစ်ဦး ဖြစ်သည့် ဦးကျင်သိန်းက ပြောသည်။

**မောဟေမာန်(ပြန်/ဆက်)**



# လျှော်ဖြူစိုက်ပျိုးရေးအတွက် နိုင်ငံတော်အစိုးရထံမှ စနစ်တကျပံ့ပိုးမှုများ ရရှိပါက နိုင်ငံအတွက် ပြည်ပပို့ကုန် အမယ်သစ်တစ်ခု ဖြစ်လာနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

လျှော်ဖြူစိုက်ပျိုးရေးအတွက် နိုင်ငံတော်အစိုးရထံမှ စနစ်တကျပံ့ပိုးမှုများ ရရှိပါက နိုင်ငံအတွက် ပြည်ပပို့ကုန် အမယ်သစ်တစ်ခု ဖြစ်လာနိုင်ကြောင်း မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

"အစိုးရက သင့်တင့်မျှတတဲ့ အခွန်ကောက်ပြီး စိုက်ပျိုးထုတ်လုပ်ရောင်းချသူတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးမယ့် အစီအစဉ်မျိုးသာ ပေါ်ပေါက်လာမယ်ဆိုရင် စိုက်ပျိုးထုတ်လုပ်သူတွေရဲ့ အခြေအနေ ပိုမိုကောင်းမွန်လာပြီး နိုင်ငံအတွက် ပြည်ပပို့ကုန် အမယ်သစ်တစ်ခုလည်း ရသွားမှာပါ။ လျှော်ဖြူစိုက်ပျိုးရေးကို တကယ်သာ စနစ်တကျ ပံ့ပိုးပေးမယ်ဆိုရင် နိုင်ငံခြားဝင်ငွေ တိုးလာနိုင်သလို သဘာဝပတ်ဝန်းကျင်နဲ့ အပူပိုင်းဒေသတွေကို စိမ်းလန်းစိုပြည်စေတဲ့ ကောင်းကျိုးတွေကိုပါ ရရှိလာစေနိုင်ပါတယ်"ဟု မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇင်မင်းသန့်က ပြောသည်။

လျှော်ဖြူအစေးများ ထုတ်လုပ်ရောင်းချရာတွင် သဘာဝကြာဆံမှျင်၊ ကြာဆံအတို၊ ရေခဲပွင့်၊ ထိပ်စ/AAA၊ One စ၊ အောက်စ စသည်ဖြင့် အရည်အသွေးအပေါ်မူတည်၍ ခေါ်ဝေါ်သတ်မှတ်ကာ ရောင်းချလျက်ရှိကြပြီး ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အဖမ်းအဆီး ကင်းကင်းဖြင့် တရားဝင် တင်ပို့ရောင်းချခွင့် ရရှိရန်အတွက် တောင်သူအများက မျှော်လင့်နေကြသည်။

"ကျွန်တော်တို့ လေ့လာမိသလောက် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဈေးကွက်ရှိထားပြီး ပြီ။ တစ်နေ့ထက်တစ်နေ့ ဈေးကွက်နေရာရလာတဲ့ သီးနှံထုတ်ကုန်မျိုးဟာ အခိုက်အတန့် အရောင်းအဝယ်နေးတာ၊ ဈေးနည်းတာ/ဈေးများတာသာ ရှိမယ်။ ဈေးကွက် လုံးဝပျောက်သွားတဲ့အထိ မဖြစ် နိုင်ပါဘူး"ဟုလည်း အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် လျှော်ဖြူပင်စိုက်ပျိုးရေးကို အပူပိုင်းဒေသများဖြစ်ကြသည့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး လုပ်ကိုင်နေကြပြီး အခြားတိုင်းဒေသကြီးများ တွင်လည်း အနည်းငယ်စိုက်ပျိုးကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ပွင့်လင်းရာသီရောက်လာ၍ မင်းဘူးမြို့နယ်မှ အုတ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလာ

**မင်းဘူး ဖေဖော်ဝါရီ ၂၁**

ပွင့်လင်းရာသီ ရောက်လာပြီဖြစ်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်အသက်ဝင်လာခြင်းနှင့်အတူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၂)ကျောက်တခါးရပ်ကွက်မှ အုတ်ထုတ်လုပ်ရောင်းချသူများ အနေဖြင့် လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပြီး အုတ်များထုတ်လုပ်ရောင်းချခြင်းဖြင့် အုတ်လုပ်ငန်းရှင်များနှင့် အလုပ်သမားမိသားစုများ၏ စားဝတ်နေရေးလည်း အဆင်ပြေလာလျက်ရှိကြောင်း သိရသည်။

အုတ်များ ထုတ်လုပ်ရန်အတွက် အုတ်လုပ်သည့်မြေများကို ကားတစ်စီးလျှင် ကျပ် ၁၀၀၀၀ ပေးဝယ်၍ စုဆောင်းထားရပြီး စုဆောင်းထားသည့် မြေများမှ အုတ်လုပ်ရန်လိုအပ်သလောက် မြေများကို ရေဖျန်း၍ နှပ်ပေးထားရသည်။ နှပ်ပြီးသား နွံ့မြေ များကို ပုံစံခွက်ထဲ ထည့်ရိုက်လှီးဖြတ်ပြီး နေလှန်းသည့်နေရာသို့ လက်တွန်းလှည်းဖြင့် ပို့ပေးရကာ ငါးရက်ခန့် နေလှန်းပြီးလျှင် မီးဖုတ်ပြီးနောက် ရောင်းချရန်အသင့်ဖြစ်သော အုတ်များကို ရရှိသည်။ အုတ်များကို အလျား ၉ လက်မ၊ အနံ ၃ လက်မ အရွယ်အစားဖြင့် ထုတ်လုပ်ပြီး အုတ်ခဲတစ်လုံးလျှင် ကျပ် ၈၀ နှုန်းဖြင့် ရောင်းချကြသည်။



နွံ့မြေအုတ်များကို မီးမဖုတ်မီ နေလှန်းထားစဉ်

"ကျွန်တော်တို့ အုတ်လုပ်ငန်းမှာ အလုပ်သမား ၃၀ လောက်ရှိပြီး လုပ်အားခအနေနဲ့ အုတ်ခဲတစ်လုံး ၁၈ ကျပ် ပေးရပါတယ်။ အလုပ်သမားတစ်ယောက်ကို အုတ် ၄၀၀ အထိ ပြီးပါတယ်။ အလုပ်သမားတွေက အနီးအနားဝန်းကျင် ရပ်ကွက်တွေထဲကပဲဖြစ်ပြီး ဒီလုပ်ငန်းကြောင့် သူတို့မိသားစုများအတွက် ဝင်ငွေရသလို ကျွန်တော်လည်း ကိုဗစ်-၁၉ ကာလဆိုပေမယ့် အုတ်လုပ်ငန်းရှင်က များများစားစားမရှိလို့ အုတ်တွေရောင်းချရတာ အဆင်ပြေပါတယ်"ဟု မင်းဘူးမြို့ခံ အုတ်လုပ်ငန်းရှင်တစ်ဦး ဖြစ်သည့် ဦးသက်ထွန်းက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# မိုင်းယောင်းဒေသထွက် သခွားသီးများ ရောင်းအားကောင်းပြီး ဈေးကောင်းရနေ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် စိုက်ပျိုးသည့် သခွားသီးများ လက်ရှိအချိန်တွင် ရောင်းအားကောင်းနေပြီး ဈေးကောင်းလည်း ရနေသောကြောင့် သခွားသီး စိုက်ပျိုးသည့် တောင်သူများနှင့် သခွားသီး ရောင်းချသူများအနေဖြင့် မိသားစုအတွက် ဝင်ငွေပိုမိုရရှိကြောင်း သခွားသီး စိုက်ပျိုးရောင်းချနေသူများ ထံမှ သိရသည်။

"သခွားသီးကို မနှစ်က အနည်းငယ်ပဲ စိုက်ပျိုးခဲ့ပါတယ်။ အခုတော့ ဈေးကောင်းလည်း ရနေတာကြောင့် ဒီနှစ်မှာ များများ တိုးချဲ့ စိုက်ပျိုးနေပါတယ်"ဟု သခွားသီးစိုက် တောင်သူတစ်ဦးက ပြောသည်။

ယခု ပွင့်လင်းရာသီအချိန်တွင် အနယ်နယ် အရပ်ရပ်မှ မိုင်းယောင်းမြို့နယ်သို့လာသည့် ဘုရားဖူး ဧည့်သည်များသည် ထပ်လုံ၊ ရွှေညောင်ပင်၊ စျာန်ရကိုရင်ကြီးတောရကျောင်း စသည့် တန်ခိုးကြီးဘုရားများသို့ လာရောက်ခြင်းများရှိနေရာ အပြန်လက်ဆောင်အဖြစ် မိုင်းယောင်းသခွားသီးများကို ဝယ်ယူနေကြကြောင်း သိရသည်။

ကြိုက်နှစ်သက်သလို အမျိုးမျိုးပြုလုပ် စားသောက်နိုင်သည့် အရသာထူးခြားသော မိုင်းယောင်းဒေသထွက် သခွားသီးကို လူအများက ခံတွင်းတွေ့နေကြပြီး အဝေးရောက် မိုင်းယောင်း မြို့သူမြို့သားများကလည်း တကူးတက မှာယူမှုများရှိနေသောကြောင့် တစ်နေ့ထက်တစ်နေ့ သခွားသီးများ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# မောင်တောမြို့နယ် ဥဒေါင်းကျေးရွာမှ ရှေးဟောင်းသမိုင်းဝင် ဥဒေါင်းဓာတ်စေတီတော်မြတ်ကြီး ရွှေထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲကျင်းပ



ပူဇော်ပြီးနောက် ရွှေထီးတော် ဘုံအဆင့်များကို စေတီတော်ပေါ်သို့ အစီအစဉ်တကျ တင်လှူ ပူဇော်ခဲ့ကြသည်။

**မောင်တော ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ဥဒေါင်းကျေးရွာ၌ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းအပ်သော သမိုင်းဝင် ဥဒေါင်းဓာတ်စေတီတော်ကြီး ရွှေထီးတော် တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည်။

စေတီတော်ကြီး ထီးတော်တင်ပွဲတွင် ဧည့်ပရိသတ်များက မောင်တောမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ ဇောတိကာရုံကျောင်းတိုက်ဆရာတော်ထံမှ သီလခံယူဆောက်တည်ပြီးနောက် သံဃာတော်များက မေတ္တာသုတ်ရွတ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် စသည်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဥဒေါင်းဓာတ်စေတီတော်တွင် အသစ်ပြန်လည်တင်လှူမည့် စိန်ဖူးတော်၊ ရွှေဟင်္သာငှက်ရုပ်၊ ရွှေ ငှက်မြတ်နားတော်၊ ရွှေပန်းခိုင်၊ ရွှေဆတ်သွားဖူး၊ ရွှေထီးတော် သတ္တမဘုံမှ နဝမဘုံအဆင့်အထိ စသည့် အစိတ်အပိုင်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုင်ဆောင်၍ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည် ပူဇော်ပြီးနောက် ရွှေထီးတော် ဘုံအဆင့်များကို စေတီတော်ပေါ်သို့ အစီအစဉ်တကျ တင်လှူ ပူဇော်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## သွင်းအားစုစရိတ်ကြီးမြင့်ခြင်းသည် သရက်တောင်သူများကြုံတွေ့နေရသည့် အခက်အခဲတစ်ခုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

သွင်းအားစုစရိတ် ကြီးမြင့်နေခြင်းသည် သရက်တောင်သူများ ကြုံတွေ့နေရသည့် အဓိက အခက်အခဲတစ်ခုဖြစ်ကြောင်း စီးပွားဖြစ် သရက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနေသူများ၏ ပြောကြားချက်များအရ သိရသည်။

မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်မော်က "စိုက်ပျိုးချိန်မှာ အဓိက ကြုံတွေ့ရတာကတော့ ပြောင်းလဲနေတဲ့ ရာသီဥတုကိုလိုက်ပြီး ပိုးမွှားရောဂါတွေ ကျရောက် တတ် တာရယ်၊ ကျွမ်းကျင် လုပ်သား ရှားပါးလာတာရယ်၊ မြေဆီဖိုး ဆေးဖိုး စတဲ့သွင်းအားစုစရိတ်တွေက တခြားနိုင်ငံတွေထက် ကြီးမြင့်နေတာရယ်၊ ရွေးချယ်ပိုင်ခွင့် နည်းပါးတာရယ်ကြောင့် အခြားနိုင်ငံတွေနဲ့ ဈေးနှုန်းယှဉ်ပြိုင်ကြတဲ့ အခါမှာ အခက်အခဲတွေ ကြုံတွေ့ရပါတယ်"ဟု ပြောသည်။

သရက်သီးကို ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့တို့အပြင် ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ တင်ပို့ရောင်းချနေပြီး အရည်အသွေးအပေါ်မူတည်၍ သရက်သီးတစ်ကီလိုလျှင် ကျပ် ၁၀၀၀ မှ ၃၀၀၀ အတွင်း ဈေးနှုန်းရရှိကြောင်း သိရသည်။

"တရုတ်နိုင်ငံဘက်ကို တင်ပို့ရာမှာ လမ်းပန်းဆက်သွယ်ရေး မကောင်းတာ၊ နယ်မြေ မအေးချမ်းတာ၊ နယ်စပ်အခက်အခဲဖြစ်နေတာ၊ အရည်အသွေး မတူညီမှုကြောင့် ဈေးနှိမ်ခံရတာတွေ ကြုံရပြီး စင်ကာပူကို တင်ပို့တဲ့အခါမှာလည်း မလိုအပ်ဘဲနဲ့ ရုံးလုပ်ငန်းပိုင်း ကြန့်ကြာမှုတွေ ရှိနေတာတွေက ကျွန်တော်တို့ကြုံတွေ့နေရတဲ့ အဓိက အခက်အခဲတွေ ဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌက ဆက်လက် ပြောကြားသည်။

သရက်ပင်ကို စီးပွားဖြစ်စိုက်ပျိုးပါက စတင်စိုက်ပျိုးချိန်တွင် တစ်ဧက စိုက်ပျိုးစရိတ်အနေဖြင့် အနည်းဆုံး ကျပ်ငါးသိန်းမှ ၁၀ သိန်းဝန်းကျင်အထိ ကုန်ကျကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## မကွေးမြို့နယ်တွင် ဆီးဖြူသီးများ ဈေးကောင်းရပြီး ဆီးဖြူစိုက်သူများလည်း ဝင်ငွေကောင်းနေ

**မကွေး ဖေဖော်ဝါရီ ၂၁**

မကွေးမြို့နယ်၌ လက်ရှိအချိန်တွင် ဆီးဖြူသီးများ လှိုင်လှိုင်ထွက်နေပြီဖြစ်ကာ ဆီးဖြူသီးတစ်တင်းလျှင် ကျပ် ၇၀၀၀၊ ဆီးဖြူသီးအမှုန့်တစ်တင်းလျှင် ကျပ် ၈၅၀၀ အထိ ဈေးကောင်းရနေသောကြောင့် ဆီးဖြူပင်ခြံပိုင်ရှင်များ၊ ဆီးဖြူပင်စိုက်သည့် တောင်သူများ ဝင်ငွေကောင်းနေကြောင်း မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာရှိ တောင်သူအချို့ထံမှ သိရသည်။

"ဆီးဖြူပင်တစ်ပင်ကို ဝါးလုံးရှည်နဲ့နာနာပုတ်လိုက်ရင် လာမယ့်နှစ်လည်း အသီးပိုသီးတယ်။ တစ်ပင်ကနေ ၁၅ တင်း၊ တင်း ၂၀ ကောင်းကောင်းထွက်တယ်။ တစ်နှစ်ကို ကျပ်ငါးသောင်း၊ တစ်သိန်းကနေ သုံးသိန်းအထိ ရတယ်။ အလှူ မင်္ဂလာဆောင်တွေမှာ ဆီးဖြူသီးသုပ်၊ မဲဇလီဟင်းချိုနဲ့ ငရုတ်သီးတောင့်ကြော် အကျွေးများတော့ ဆီးဖြူသီးက ဈေးကွက်ကောင်းတယ်"ဟု ကြို့ပင်အင်းရွာမှ တောင်သူတစ်ဦးက ပြောသည်။

မကွေးမြို့နယ်၊ မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်တို့တွင် အလေ့ကျပေါက်သည့် ဆီးဖြူပင်များ အပါအဝင် စိုက်ပျိုးပင်များလည်း အများအပြားရှိကြောင်း သားမျှားကျေးရွာမှ ဆီးဖြူသီးရောင်း/ဝယ်သောလုပ်ငန်း လုပ်နေသူတစ်ဦးက ပြောသည်။ စားသုံးမှုများသောကြောင့် ဆီးဖြူသီးတစ်တင်း လက်ကားဈေးမှာ ကျပ် ၅၀၀၀ မှ ၇၀၀၀ အထိရှိကာ ဆီးဖြူပင် စိုက်ပျိုးထားသူများအတွက် အပိုဝင်ငွေရရှိစေကြောင်း သိရသည်။

"ကိုဗစ်ကာလဖြစ်လို့ ဆီးဖြူသီးဈေးက အရင်နှစ်တွေကထက် နည်းနည်းကျတယ်။ ကိုဗစ်မဖြစ်ခင် အရင်နှစ်တွေကဆိုရင် ဆီးဖြူသီးတစ်တင်းကို ကျပ်၉၈၀၀ နဲ့ အမှုန့်တစ်တင်းကို ကျပ်တစ်သောင်းလောက် ပေးရတယ်။ ဒီနှစ်မှာ လက်လီနို့ဆီတစ်ဘူးကို ကျပ် ၂၀၀ နဲ့လည်း ရောင်းကြတယ်။ ဈေးထဲမှာလည်း လက်လီဈေးက တစ်ပြည်ကို ကျပ် ၁၃၀၀ အနည်းဆုံးဈေးရှိတယ်။ မကွေးမြို့ပေါ် လှည့်ရောင်းတဲ့ သုံးဘီးဆိုင်ကယ်၊ ဈေးရောင်းဆိုင်ကယ်တွေမှာ ဆီးဖြူသီးသုပ် တစ်ခွက်စာကို ကျပ် ၅၀၀နဲ့ ရောင်းကြတယ်"ဟု အဆိုပါ ဆီးဖြူသီးအရောင်းအဝယ်လုပ်သူက ဆက်ပြောသည်။

ဆီးဖြူပင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပေါက်ရောက်ပြီး အထူးသဖြင့် အထက်မြန်မာပြည်နှင့် မြန်မာပြည်အလယ်ပိုင်းဒေသတွင် အမြောက်အမြား ပေါက်ရောက်သည်။ သဘာဝအလျောက် ပေါက်ရောက်သလို ယခုအခါ အသုံးများ၍ စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

မြန်မာဆေးကျမ်းများ အလိုအရ ဆီးဖြူသီးသည် ချို၊ ချဉ်၊ ဖန်သော အရသာရှိ၏။ အေး၏။ အစာကို ကြေပျက်စေ၏။ ဆီး၊ ဝမ်းမီးကို တောက်စေ၏။ ဒေါသသုံးပါးကို နိုင်၏။ သွေးကိုဖြစ်စေ၏။ အပူကို ငြိမ်းစေ၏ဟုဆိုသည်။ ဆီးဖြူသီး ခြောက်ကို ငါးရှဉ့်သားနှင့် ချက်စားက ဒူလာရောဂါကို ပျောက်စေသည်ဟုဆို၏။ ဆီးဖြူသီးသည် မြန်မာ့ရိုးရာ အစားအစာအဖြစ်သာမက တိုင်းရင်းမြန်မာဆေးများကို ဖော်စပ်ရာတွင်လည်း အသုံးများသည်ကို တွေ့ရ၏။ သို့ဖြစ်၍ တိုးချဲ့စိုက်ပျိုးသင့်သည့် နှစ်ရှည်စားပင်သီးပင်တစ်မျိုးလည်း ဖြစ်ပေသည်။

**သတင်းနှင့် ဓာတ်ပုံ - မကွေးဝင်းမောင်**



## အိန္ဒိယမှတစ်ဆင့် ပြည်ပအထိ ဈေးကွက်ရရှိနေသော နွားထိုးကြီးနယ်မှ ချင်းပုတီးများ

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ်မှတစ်ဆင့် အိန္ဒိယနိုင်ငံဈေးကွက်၊ ယင်းမှတစ်ဆင့် အခြားပြည်ပဈေးကွက်များအထိ တင်ပို့ရောင်းချနေရပြီဖြစ်သည့် ချင်းပုတီးများသည် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာမှ ထွက်ရှိခြင်းဖြစ်သည်။ ချင်းပုတီးကို မန္တလေးမြို့ မဟာမုနိဘုရားကြီးအနီးမှ ထွက်ရှိထုတ်လုပ်သည်ဟုသာ လူသိများကြသော်လည်း အမှန်မှာ နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာမှ ထုတ်လုပ်နေခြင်းဖြစ်သည်။



ချင်းပုတီးများကို ထုတ်လုပ်ရာတွင် အင်ကြင်း ကျောက်ကြမ်း၊ တနည်း အပွတုံးကို စိတ်၍ မြန်မာမှု လက်ရာဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ချင်းပုတီးဟုဆိုသော်လည်း တကယ်တမ်းတွင် ရှေးခေတ်က ပျူတို့၏ ပျူယဉ်ကျေးမှုအသုံးအဆောင်တစ်ခုဖြစ်သည်။ ဘုရားကြီးရွာအနီးတွင် ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် "ဝတီးမြို့" ရှိသည်။ ဝတီး ပျူမြို့ဟောင်းနေရာမှ ပျူပုတီးများ အပါအဝင် ရှေးဟောင်းအသုံးအဆောင် ပစ္စည်းများ တူးဖော်ရရှိ၍ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအဖြစ် ကန့်သတ်ထားသည်။

ဝတီးဒေသမှ တူးဖော်ရရှိသော ရှေးခေတ် ပျူပုတီးများကို တုပ၍ ချင်းပုတီးများကို ဘုရားကြီးကျေးရွာမှ ထုတ်လုပ်လာခြင်းဖြစ်သည်။ ပျူပုတီးခေါ် ချင်းပုတီးသည် ဘုရားကြီးရွာမှ ထွက်သော်လည်း ချင်းတိုင်းရင်းသားတို့က ချင်းပြည်နယ်မှ တစ်ဆင့် အိန္ဒိယ၊ ထိုမှတစ်ဆင့် အရှေ့ဥရောပအထိ ရောက်အောင် အရောင်းအဝယ်လုပ်ကြသည်။ ဘုရားကြီးကျေးရွာမှ ဈေးသက်သက်သာသာဖြင့် ပြုလုပ်ရောင်းချလိုက်သော ချင်းပုတီးကုံးများသည် ချင်းပြည်နယ်ဘက်တွင် ဈေးတက်သွားပြီး ပြည်ပဈေးကွက်သို့ ရောက်လျှင်မူ အဆမတန် ဈေးပိုရကြသည်။



ချင်းပုတီးများပြုလုပ်ရာတွင် လက်မှုပညာဖြင့် ကျောက်ကို သွေး၍ ဆေးသွင်းရသည်။ ပုတီးတစ်ကုံးကို ပြုလုပ်ပြီးစီးရန် အချိန်ရက်သတ္တပတ်ခန့်ကြာသည်။ ထို့ကြောင့် ချင်းလူမျိုးတို့က ပုတီးအကုံးရေ ရာချီ မှာလျှင် လချီ စောင့်ဆိုင်းရသည်။ မြန်မာနိုင်ငံတွင် ထန်းရွက်ပုတီးများသည် ပျော်ဘွယ်နယ်မှထွက်၍ ချင်းပုတီးများမှာ နွားထိုးကြီးနယ်ဘက်မှထွက်ကာ နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာမှ ထုတ်လုပ်သည့် ချင်းပုတီးများသည် ပုတီးပြပွဲအထိ နေရာရဈေးကွက်ရလျက်ရှိပေသည်။

**ဌေးမြင့်မောင်**

# ဂျူဗင်တပ်စ်အိမ်ကွင်းမှာ အသာရဖို့ မရှိတဲ့ အမှတ်ပေးဇယားအောက်ဆုံးက ခရိုတုန်းအသင်း




ပထမအကျော့အဖြစ် ဂျူဗင်တပ်စ်နှင့် ခရိုတုန်းအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

အီတလီစီးရီးအေပွဲစဉ် (၂၃) အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ခရိုတုန်းအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဂျူဗင်တပ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေ ၂၁ ပွဲကစားပြီး ရမှတ် ၄၂ မှတ် ရရှိထားသည့်အသင်းဖြစ်သည်။ ခရိုတုန်းအသင်းက ၂၂ ပွဲကစားပြီး ၁၂ မှတ်သာ ရရှိထားကာ အမှတ်ပေးဇယားအောက်ဆုံးတွင် ကျရောက်နေသည့်အသင်းဖြစ်သည်။

### နှစ်ပွဲဆက် ရှုံးနိမ့်ထား

ဂျူဗင်တပ်စ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် နှစ်ပွဲတွင် နာပိုလီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသလို ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ပေါ်တိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် ယခုပွဲစဉ် ကို အနိုင်ရရှိရန် အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိသည်။ ခရိုတုန်းအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ရှစ်ပွဲတွင် ဘင်နီဗန်တိုအသင်းကိုသာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ကျန်ခုနစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ခရိုတုန်းအသင်း၏ ခြေစွမ်းက ကျဆင်းနေသည်ကို တွေ့ရသည်။

### ခံစစ် အကောင်းဆုံးအသင်းအဖြစ်ရှိနေ

ခရိုတုန်းအသင်းသည် စီးရီးအေ ၂၂ ပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ သုံးပွဲသရေကျထားပြီး ၁၆ ပွဲအထိ ရှုံးနိမ့်ထားသည့်အသင်းဖြစ်သည်။ ခရိုတုန်း၏ အဆိုပါ ရှုံးနိမ့်မှုပွဲ အရေအတွက်သည် ယခုနှစ်ရာသီ စီးရီးအေတွင် ရှုံးပွဲအများဆုံး ကြုံတွေ့ထားသည့်အသင်းအဖြစ် ရှိနေသည်။ ထို့အပြင် အဆိုပါ ၂၂ ပွဲတွင် ပေးဂိုး ၅၂ ဂိုးအထိ ရှိထားသည့်အတွက် ပေးဂိုးအများဆုံးအသင်းအဖြစ်လည်း ရှိနေသည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေ ၂၁ ပွဲတွင် ပေးဂိုး ၁၉ ဂိုးသာ ခွင့်ပြုပေးထားရသောကြောင့် ယခုနှစ်ရာသီ စီးရီးအေတွင် ခံစစ် အကောင်းဆုံးအသင်းအဖြစ် ရှိနေသည်။

ဂျူဗင်တပ်စ်အသင်းနှင့် ခရိုတုန်းအသင်းတို့ ပထမအကျော့တွေ့ဆုံစဉ်က တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်ကို တွေ့ရသည်။ သို့သော်လည်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်တွင် ဂျူဗင်တပ်စ်အသင်းကသာ အသာရထားပြီး နှစ်ကြိမ်သရေကျထားကာ သုံးပွဲအနိုင်ရရှိထားသည်။

ခရိုတုန်းအသင်းအနေဖြင့် ယနေ့ပွဲစဉ်တွင် တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ရန် ကြိုးစားလာဖွယ်ရှိသည်ဆိုသော်ငြား အမှတ်ပေးဇယားဦးဆောင်သည့်အသင်းနှင့် ရမှတ်ကွာဟမှုလျှော့ချရန် ပြင်ဆင်လာမည့် ဂျူဗင်တပ်စ်အသင်းကို အနိုင်ရရှိရန် မလွယ်ကူချေ။

■ မိုးဇက် - စုစည်းသည်

## နောက်ဆုံးရ သတင်းတိုများ

- ပီအက်စ်ဂျီနည်းပြသစ် ပိုချက်တီနိုသည် ယခုနှစ်နွေရာသီတွင် အသက် ၂၂ နှစ်အရွယ် ပြင်သစ်တိုက်စစ်ကစားသမား အမ်ဘတ်ပီ သို့မဟုတ် အသက် ၂၉ နှစ်အရွယ် ဘရာဇီးတိုက်စစ်ကစားသမား နေမာတို့ထဲမှ တစ်ဦးဦးထွက်ခွာသွားခဲ့ပါက စပါးအသင်းမှ အသက် ၂၇ နှစ်အရွယ် ဟယ်ရီကိန်းနှင့် ပြန်လည်ပေါင်းထုပ်လိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စပိန်အင်အားကြီး ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့်သီတင်းပတ်က ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဟက်ထရစ်ရယူနိုင်ခဲ့သော အမ်ဘတ်ပီကို ခေါ်ယူရန် ကာလရှည် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ဟယ်ရီကိန်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၂၁ ပွဲကစားပြီး ၁၃ ဂိုးသွင်းယူပေးထားနိုင်သည်။



- မန်ယူအသင်းသည် အဲဗာတန်အသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ဘရန်ဝိတ်၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ၎င်းသည် လက်ရှိတွင် ဘလက်ဘန်းအသင်း၌ အငှားကစားနေသူဖြစ်သည်။

- လက်စတာအသင်းနည်းပြ ရော်ဂျာသည် စပါးအသင်း၌ နည်းပြ မော်ရင်ဟို၏ နေရာကို အစားထိုးရန် နီးစပ်နေသည့် နည်းပြတစ်ဦးဖြစ်ကြောင်း သိရသည်။ မော်ရင်ဟို၏ စပါးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ခုနစ်ပွဲတွင် ငါးပွဲအထိ ရှုံးနိမ့်ထားပြီး ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် အသင်းဖြစ်သည်။

# နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်မှုမှ ခရစ္စတယ်ပဲလေ့စ်အသင်း ယနေ့ပွဲစဉ်မှာ ပြန်လည်နိုးထလာနိုင်မလား




ပရီမီယာလိဂ်ပွဲစဉ် (၂၅)မှ ဘရိုက်တန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂ နာရီခွဲတွင် ဘရိုက်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘရိုက်တန်အသင်းက ပရီမီယာလိဂ် ၂၄ ပွဲကစားပြီး ၂၆ မှတ်ဖြင့် တန်းဆင်းဇုန်အထက်နားတွင် ရပ်တည်နေသည်။ ခရစ္စတယ်ပဲလေ့စ်အသင်းက ၂၄ ပွဲကစားပြီး ၂၉ မှတ်ဖြင့် ဘရိုက်တန်အသင်းအထက်တွင် ရပ်တည်နေသည်။

ဘရိုက်တန်အသင်း၏ ယခုနှစ်ရာသီ အသင်းကြီးများနှင့် တွေ့ဆုံမှုကို ကြည့်လျှင် လက်စတာ၊ အာဆင်နယ်၊ မန်စီးတီးစသည့် အသင်းများကို ရှုံးနိမ့်ထားသည်ဆိုသော်ငြား စပါးနှင့် လီဗာပူးအသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။ သို့သော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် သုံးပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည်ကို သတိပြုရမည်။

ခရစ္စတယ်ပဲလေ့စ်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ရှစ်ပွဲတွင် တစ်ပွဲသရေ၊ နှစ်ပွဲနိုင်နှင့် ငါးပွဲအထိ ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ ထို့အပြင် ပြီးခဲ့သည့် ပွဲစဉ်နှစ်ပွဲတွင် လိဒ်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘန်လေ အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည့်အတွက် ခြေစွမ်းကျဆင်းနေသည်ကို သတိပြုရမည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုပွဲစဉ်ပြီးလျှင် ဖူလ်ဟမ်၊ မန်ယူ၊ စပါးစသည့် အသင်းများနှင့် ဆက်တိုက်ကစားရမည်ဖြစ်သောကြောင့် ယခုပွဲစဉ်ကို အားစိုက်ကစားလာဖွယ်ရှိနေသည်။ ပြီးခဲ့သည့် ပွဲစဉ်နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့်အတွက် နိုင်ပွဲရရှိရန် ကြိုးပမ်းလာမည့် အသင်းနှစ် သင်းဖြစ်သောကြောင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲ ဖြစ်လာမည် ဖြစ်သည်။

ယနေ့ပွဲစဉ်တွင် ဘရိုက်တန်အသင်းမှ ဝက်ဘ်စတာ၊ အန်ဒုန်း၊ မတ်ချ်၊ လန်တေးတို့ ဒဏ်ရာကြောင့် ပါဝင်ကစားခွင့်ရရန် မသေချာပေ။ ပဲလေ့စ်အသင်းမှ ဝစ်ချ်ဟမ်း၊ မက်အာသာ၊ တွန်ကင်စ်၊ ဆာခို၊ ဖာဂူဆန်၊ ဇာဟာစသည့် ကစားသမားများသည်လည်း ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို ပါဝင်ကစားရန် မသေချာပေ။ ဘရိုက်တန်အသင်းမှ ဂိုးသမားဖြစ်သူ ရော်ဘတ်ဆန်းချက်ဇ်သည် ၁၃ ပွဲကစားပြီး ဂိုးမပေးရအောင် ခြောက်ပွဲအထိ စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။ ပဲလေ့စ်အသင်းမှ ဂူယေတာက ၂၄ ပွဲကစားပြီး ဂိုးမပေးရအောင် လေးပွဲသာ စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။

ဘရိုက်တန်အသင်းနှင့် ပဲလေ့စ်အသင်းတို့ ပထမအကျော့ ယှဉ်ပြိုင်ကစားစဉ်က တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်ကို တွေ့ရသည်။ သို့သော်လည်း အဆိုပါနှစ်သင်း နောက်ဆုံးသုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုတွင် ပဲလေ့စ်အသင်းက အသာရထားပြီး တစ်ကြိမ်အနိုင်ရရှိကာ နှစ်ကြိမ်သရေကျထားသည်။

ထို့ကြောင့် မည်သည့်အသင်းက အနိုင်ရရှိသွားမလဲဆိုသည်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂ နာရီခွဲတွင် ဆုံးဖြတ်ပေးသွားတော့မည် ဖြစ်သည်။



လီဗာပူးအသင်း၏ ဂိုးကန်သွင်းချက်ကို အဲဗာတန်ဂိုးသမား ပစ်ဖို့ဒ်ကာကွယ်နေစဉ်။

# အန်ဖီးလ်မှာ အဲဗာတန်အသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည့် လီဗာပူးအသင်း

**ပရီမီယာလိဂ်ပွဲစဉ် (၂၅)အဖြစ် နည်းပြ ကလော့ပ်၏ လီဗာပူးအသင်းနှင့် နည်းပြအန်ဆယ်လော့တီ၏ အဲဗာတန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်အစောပိုင်း လီဗာပူးအိမ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဲဗာတန်အသင်းအတွက် ဂိုးများကို ရစ်ချတ်လီဆန်၊ ဆီဂတ်ဆန် တို့က သွင်းယူပေးခဲ့သည်။**

ကလော့ပ်၏ လီဗာပူးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိရန်အတွက် ဘက္ကာ၊ အာနိုး၊ ကာဘတ်ခ်၊ ဟန်ဒါဆင်၊ ရော်ဘတ်ဆန်၊ အယ်ကန်တာရာ၊ ဝီလ် နေဒမ်၊ ဂျုန်းစ်၊ ဆာလာ၊ ဖာမီနို၊ မာနေးစသည့်အဓိကကစားသမားများကို အသုံးပြုကာ အဲဗာတန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ အန်ဆယ်လော့တီ၏ အဲဗာန်အသင်းကလည်း နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် နှစ်ပွဲဆက်ရှုံးနိမ့်မှုကို ချေဖျက်နိုင်ရန်အတွက် ပစ်ဖို့ဒ်၊ ဂေါ့ဖရေး၊ ကိန်း၊ ဟိုးဂိတ်၊ ဒဂ်နီ၊ ဂိုမက်စ်၊ ဒေးဗီးစ်၊ ဒူကော်ရီ၊ ကိုးမန်း၊ ရိုဒရီဂွက်ဇ်၊ ရစ်ချတ်လီဆန်စသည့်ကစားများ ဖြင့် လီဗာပူးအသင်းကို ရင်ဆိုင်လာခဲ့သည်။

### ဦးဆောင်ဂိုးစတင်ရရှိ

အနိုင်ရရှိရန် အားထုတ်လာသည့် အဲဗာတန်အသင်းက ပွဲအစ သုံးမိနစ်မှာပင် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ အဆိုပါဂိုးကို ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ရစ်ချတ်လီဆန်က သွင်းယူပေးနိုင်ခဲ့သည်။ ပွဲကစားချိန် ၁၈ မိနစ်တွင် လီဗာပူးအသင်း ချေပဂိုးရရှိလောက်သည်အထိ နီးစပ်ခဲ့သော်လည်း ဖာမီနို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။ လီဗာပူးအသင်းအနေဖြင့် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် အဲဗာတန်အသင်းအပေါ် ဆက်တိုက်ဖိအားပေး ကစားနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၂၀ တွင် ဟန်ဒါဆန်၏ ကန်သွင်းချက် အဲဗာတန်ဂိုးသမားကာကွယ်နိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ထို့နောက်တွင်လည်း အာနိုး၏ အားပါပြင်းထန်သည့် အဝေးကန်သွင်းချက် ဂိုးပေါက်တည့်မတ်မှုမရှိခဲ့၍ လီဗာပူးအသင်း နစ်နာခဲ့ရသည်။ ပွဲချိန် မိနစ် ၃၀ အရောက်တွင် လီဗာပူးအသင်း လူစားလဲမှုတစ်ခုပြုလုပ်ခဲ့ပြီး ဟန်ဒါဆင်၏ နေရာကို ဖီးလစ်ဖြင့် အစားထိုးခဲ့သည်။

ပွဲချိန် ၃၃ မိနစ်တွင် အဲဗာတန်အသင်းမှ ကိုးမန်း၏ အနီးကပ်ခေါင်းတိုက်ချက်က နောက်ထပ် ဦးဆောင်ဂိုးရရှိရန် နီးစပ်ခဲ့သော်လည်း ဘက္ကာ ကာကွယ်နိုင်ခဲ့သဖြင့် လီဗာပူးအသင်းသက်သာခဲ့ရသည်။ ပထမပိုင်းပွဲချိန်အတွင်း အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုရှိခဲ့ပြီး ကြည့်ကောင်းသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ထို့အပြင် လီဗာပူးအသင်းသည် ဂိုးပေါက်ကန်သွင်းမှု အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း အဲဗာတန်ဂိုးသမား ပစ်ဖို့ဒ် လက်စွမ်းပြကာကွယ်ထားနိုင်မှုကြောင့် လီဗာပူးအသင်း ချေပဂိုးနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။

### ပစ်ဖို့ဒ်ကာကွယ်နိုင်ခဲ့

ဒုတိယပိုင်းတွင်လည်း လီဗာပူးအသင်းကသာ ဖိအားပေးကစားထားနိုင်လာပြီး ပွဲချိန် ၄၆ မိနစ်တွင် မာနေးအနီးကပ် ခေါင်းတိုက်ခွင့်ရရှိခဲ့သော်လည်း ပစ်ဖို့ဒ်ကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၅၁ မိနစ်အရောက်တွင်လည်း မာနေးအပိုင် ခေါင်းတိုက်ခွင့်ရရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုမရှိခဲ့ပေ။ အဲဗာတန်အသင်းက ဂိုမက်စ် နေရာကို ဆီဂတ်ဆန်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ နေရာကို ကားဗက် လီဝင်နှင့် လူစားလဲမှုပြုလုပ်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် လီဗာပူးအသင်းသည် အဲဗာတန်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ကန်သွင်းမှုသိသိသာသာ အသာစီးရယူထားနိုင်ခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများကို ရယူနိုင်ခြင်းမရှိပေ။ ပွဲကစားချိန် ၈၃ မိနစ်အရောက် တွင် အဲဗာတန်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး လူစားဝင်ကစားသမား ဆီဂတ်ဆန်က အမှားအယွင်းမရှိ သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အဲဗာတန်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### လိဂ်ပြိုင်ပွဲ လေးပွဲဆက် ရှုံးနိမ့်

အဲဗာတန်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့မှုကြောင့် လီဗာပူးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် ပြိုင်ပွဲစုံ နောက်ဆုံး ၂၄ ပွဲတွင် ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းကလည်း ယခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့မှုကြောင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ် လိဂ်ပြိုင်ပွဲ လေးပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၁ ရက်တွင် အမှတ်ပေးဇယားအောက်ဆုံးမှ ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဲဗာတန်အသင်းက မတ် ၂ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

# လီဗန်တေးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် အမှတ်ပေးဇယားဦးဆောင်သူ အေတီမက်

စပိန်လာလီဂါပွဲစဉ် (၂၄) အဖြစ် အမှတ်ပေးဇယားဦးဆောင်သူ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် လီဗန်တေးအသင်းတို့ ဖေဖော်ဝါရီ ၂၀ ရက်ညပိုင်းက အက်သလက်တီကို မက်ဒရစ်အသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗန်တေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လီဗန်တေးအသင်းအတွက် ဂိုးများကို မိုရေလပ်စ်နှင့် ဒီဖရူတို့စ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရရန်ရှိသော်ငြား ယနေ့ပွဲစဉ်တွင် အော့ဘလက်၊ ဂျီမီနက်ဇ်၊ ဖီလစ်ပီ၊ ဟာမိုဆို၊ ကော်ရဲရား၊ လော်ရန်တေး၊ ကွန်ဒေါ့ဂ်ဘီယာ၊ ကိုကီ၊ ဆွာရက်ဇ်၊ ဖီးလစ်စသည့်အဓိက ကစားသမားများကို အသုံးပြုကာ လီဗန်တေးအသင်းကို ရင်ဆိုင်လာခဲ့သည်။ လီဗန်တေးအသင်းကလည်း အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိရန်အတွက် ကာဒီနက်စ်၊ တိုနို၊ ရိုဘာ၊ ဗီဇို၊ ကိုကီ၊ မယ်ဆာ၊ ရိုချီနာ၊ မိုရေလပ်စ်၊ လီယွန်စသည့်ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။

လီဗန်တေးအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် ရရှိခဲ့သည်။ အဆိုပါဂိုးကို မိုရေလပ်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အေတီမက်အသင်း ချေပဂိုးပြန်လည်ရရှိရန် လူစားလဲမှုပြုလုပ်ခဲ့သော်လည်း လိုအပ်နေသည့် ချေပဂိုး ရရှိခဲ့ခြင်းမရှိပေ။ ဒုတိယပိုင်းပွဲချိန် ပြီးဆုံးခါနီးတွင် လီဗန်တေးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဒီဖရူတို့စ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် နှစ်ဂိုး-ဂိုးမရှိဖြင့် လီဗန်တေးအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အေတီမက်အသင်းသည် ယနေ့ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ကန်သွင်းမှုအပိုင်းတွင် လီဗန်တေးအသင်းအပေါ် သိသိသာသာ အသာစီး ရယူထားနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ အေတီမက်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ၂၃ ပွဲကစားပြီး ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းက ၂၄ ပွဲကစားပြီး ၅၂ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသောကြောင့် ရမှတ်ကွာဟမှု အနည်းငယ်သာ ရှိတော့သည်။



လီဗန်တေးအသင်းမှ အက်သလက်တီကို မက်ဒရစ်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေးထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေးထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။


Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India


ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID–19 ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ (အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid–19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# သတင်းထုတ်ပြန်ချက်

ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးအချို့၊ ပြည်ပနိုင်ငံအချို့နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းတို့မှ မြန်မာနိုင်ငံ၏ မကြာသေးမီက ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ကြေညာချက်များထုတ်ပြန်ခဲ့သည်။

၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၆-၂-၂၀၂၁ ရက်တွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့မှလည်း ၅-၂-၂၀၂၁ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ရန်ကုန်မြို့အခြေစိုက် သံတမန်များအား မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မလွှဲမရှောင်သာသည့် အခြေအနေများကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ရကြောင်းကို ရှင်းလင်းစွာ နားလည်ကြရန်လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆက်လက်လိုက်နာမည်ဖြစ်ပြီး နိုင်ငံ၏ပကတိအခြေအနေနှင့်ကိုက်ညီသည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားရန် ဆုံးဖြတ်ထားပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထပ်လောင်းအတည်ပြုသည်။ နိုင်ငံတော်၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက အခြေအနေအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ပြီးနောက် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

နိုင်ငံတော်၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။

အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်စေသည့် တရားဥပဒေနှင့်မညီညွတ်သော ဆန္ဒပြမှုများကို ရင်ဆိုင်နေရသော်လည်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူတို့အား လုံခြုံမှုရှိစေရန်နှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန် အလို့ငှာ နှောင့်ယှက်မှုများအား အနည်းဆုံးအင်အားသုံး၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးအချို့နှင့် ပြည်ပနိုင်ငံများက ထုတ်ပြန်ခဲ့သည့် ကြေညာချက်နှင့် ဖော်ပြချက်အချို့တို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ခြင်းဟု နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ရှုမြင်သည်။

သံတမန်ဆက်ဆံရေးဆိုင်ရာ ၁၉၆၁ ခုနှစ် ဗီယင်နာကွန်ဗင်းရှင်း၊ အပိုဒ် ၄၁ တွင် သံတမန်များသည် နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ဘဲ လက်ခံသည့်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားရန် ဖော်ပြထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများအနေဖြင့် ဗီယင်နာကွန်ဗင်းရှင်းနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတို့တွင် ပြဋ္ဌာန်းထားသည့် နိုင်ငံအများက လက်ခံကျင့်သုံးလျက်ရှိသော မူဝါဒများနှင့် စံနှုန်းများကို တိကျစွာလိုက်နာသင့်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

( ၂၁ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၀-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၃,၂၄၉) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၅၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၂၈၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မလေးရှားနိုင်ငံသို့ ကိုဗစ် - ၁၉ ကာကွယ်ဆေးများ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိ

စာ ၁၃

## ပါလက်စတိုင်းလုပ်သားများကိုပါ ကာကွယ်ဆေးထိုးပေးမည်ဟု အစ္စရေးသဘောတူထား

စာ ၁၄

# စပါးအသင်းကို အနိုင်ယူပြီး အမှတ်ပေးဇယား အဆင့် (၄) နေရာအထိ တက်လှမ်းလာနိုင်သည့် ဝက်စ်ဟမ်း

ပရီမီယာလိဂ် ပွဲစဉ် (၂၅) အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် စပါးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယား အဆင့် (၄) နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် ဂိုးများကို အန်တိုနီယိုနှင့် လင်ဂတ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

စပါးအသင်းသည် ယခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့မှုကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ရှစ်ပွဲတွင် ရှုံးပွဲက ခြောက်ပွဲအထိရှိလာခဲ့ပြီဖြစ်ပြီး နည်းပြ မော်ရင်ဟိုအတွက်လည်း ဖိအားများနှင့် ရင်ဆိုင်ခဲ့ရပြီဖြစ်သည်။ ဝက်စ်ဟမ်းအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော လင်ဂတ်သည် အသင်းအတွက် လေးပွဲကစားထားရာ သုံးဂိုးအထိ သွင်းယူထားနိုင်ပြီဖြစ်သည်။ ၎င်းသည် မန်ယူအသင်းမှ ဝက်စ်ဟမ်းအသင်းထံသို့ အငှားချခံရထားသူဖြစ်သည်။

ဝက်စ်ဟမ်းနည်းပြ မိုယက်စ်သည် ယခုပွဲစဉ်ကို အနိုင်ရရှိရန် ဖေဖီယန်စကီး၊ ဒေါ်ဆင်၊ ခရက်စ်ဝဲလ်၊ ဆော့ဆက်၊ ရိုက်စ်၊ လင်ဂတ်၊ အန်တိုနီယို စသည့် ကစားများကို အသုံးပြုကာ စပါးအသင်းကို ရင်ဆိုင်လာခဲ့သည်။ စပါးအသင်းကလည်း နိုင်ပွဲရရှိရန်အတွက် အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သည့် လော်ရစ်၊ ဒီယာ၊ ဆန်းချက်ဇ်၊ အင်ဒွန်ဘီလီ၊ မော်ရာ၊ ဆွန်ဟောင်မင်၊ ကိန်း စသည့်ကစားသမားများကို အသုံးပြုကာ ဝက်စ်ဟမ်းအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပွဲစသည်နှင့် တစ်ပြိုင်နက် နှစ်သင်းစလုံး ထိုးဖောက်တိုက်စစ်မှုကို မြင်တွေ့ခဲ့ရသည်။ ပထမပိုင်းပွဲချိန် ငါးမိနစ်တွင် ဝက်စ်ဟမ်းအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အန်တိုနီယိုက သွင်းယူပေးခဲ့သည်။ *စာမျက်နှာ ၁၇ ကော်လံ ၁* ❖



ဝက်စ်ဟမ်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး အန်တိုနီယိုက စပါးအသင်းဘက်သို့ ဘောလုံးကန်သွင်းစဉ်။